# အရည်အသွေးနှင့်ဆိုင်သောသုတေသန အစီရင်ခံစာ ရေးသားရန်အတွက် အဓိက မှတ်သားရမည့် အချက်များ၊

# KEY NOTES FOR QUALITATIVE RESEARCH REPORT WRITING




Win Zaw (ဒွန်)
STP Research Myanmar

# မာတိကာ


နိဒါန်း ........ 3

I. အရည်အသွေးနှင့်ဆိုင်သောသုတေသန အစီရင်ခံစာရေးသားရန်အတွက် မှတ်သားရမည့် ယေဘူယျ အချက်များ၊........ 4

II. TOP-LINE REPORT ........ 9

III. Presentation ပြုလုပ်ခြင်း၊........ 10

IV. အဓိက အကျဉ်းချုပ် (EXECUTIVE SUMMARY - E.S)........ 11

V. နိဂုံးချုပ်နှင့် အကြံပြုချက်များ ရေးသားခြင်း၊ (CONCLUSION AND RECOMMENDATIONS)........ 13

VI. အဓိက ရှာဖွေတွေ့ရှိချက်များ (MAIN FINDINGS) ရေးသားခြင်း၊ ........ 16

(၁) ခေါင်းစဥ်များ/ Report Structure အကြမ်းပြုလုပ်ခြင်း၊........ 16

(၂) မှတ်စုများ၊ Overview/ Transcripts များ ဖတ်ရှုခြင်း၊ ........ 19

(၃) အချက်အလက်များစုစည်းခြင်း၊ ဖတ်ရှု၊ မှတ်သားခြင်း၊........ 20

(၄) တွေ့ရှိချက်များ ရေးသားရန် အဓိကထည့်သွင်းစဥ်းစားသင့်သည့် ဥပမာနှင့်ဖော်ပြချက်များ၊ ........ 23

(၅) QUOTATIONS (QUOTES)........ 34

VII. ES., CONCLUSION & RECOMMENDATIONS, MAIN FINDINGS များကို နှိုင်းယှဥ်လေ့လာခြင်း၊........ 35

VIII. အစီရင်ခံစာ ပြည့်စုံကောင်းမွန်အောင် စစ်ဆေးရန် အချက်များ၊ (Recheck) ........ 38

IX. PowerPoint Slides များဖြင့် အစီရင်ခံစာတစောင် ရေးသားခြင်း (နမူနာများ)၊ ........ 39

# နိဒါန်း

အစီရင်ခံစာတစောင် ရေးသားနိုင်ရန် (Report Writing) အတွက် ရေးသားနည်းစာအုပ်တအုပ်အဖြစ် ပြည့်စုံအောင် ရေးသားရန် မလွယ်ကူပါ။ မိမိလုပ်ကိုင်ခဲ့သော အတွေ့အကြုံများနှင့် အခြားသူများ၏ အတွေ့အကြုံများ တူညီမှု မရှိနိုင်ခြင်း၊ ရေးသားနည်း နည်းပညာများ အငြင်းပွားဖွယ်ရာ ဖြစ်လာနိုင်ခြင်း၊ နမူနာများ ပုံစံအစုံဖြင့်အများအပြား မဖော်ပြပေးနိုင်ခြင်း၊ ဖတ်ရှုမည့်သူ၏ သုတေသနအတွေ့အကြုံ ရှိနေနိုင်မှုပေါ်မူတည်ပြီး သဘောပေါက်လာစေရန် ဖော်ပြနိုင်မှုများ ခက်ခဲခြင်းစသဖြင့် အခက်အခဲများစွာ ရှိပါသည်။ သို့သော် အရည်အသွေးနှင့်ဆိုင်သောသုတေသန အစီရင်ခံစာ မရေးဖူးသူများ၊ ရေးသားမှုအတွေ့အကြုံနည်းပါးသူများအတွက် ရေးသားဖို့ အထောက်အကူ ဖြစ်လာနိုင်စေရန် ပါဝင်သင့်သည့်အချက်များကို ဤစာအုပ်တွင် ဥပမာများဖြင့် တင်ပြလိုက်ရပါသည်။

အရည်အသွေးနှင့်ဆိုင်သောသုတေသနပြုလုပ်မှုတွင် မေးခွန်းများ (ဆွေးနွေးပွဲလမ်းညွှန်) ပြုလုပ်ခြင်း၊ သင်တန်းပေးခြင်း/ လေ့ကျင့်ခြင်း၊ ဆွေးနွေးပွဲများ ပြုလုပ်ခြင်း (Moderation/ Data Collection) များသည် အဆင့်ဆင့်တွင် အရေးကြီးသကဲ့သို့ အချက်အလက်များစုစည်းခြင်း၊ သုံးသပ်ခြင်းနှင့်အစီရင်ခံစာရေးသားခြင်းသည်လည်း အဓိက ကျသည့် အခန်းကဏ္ဍတွင် ပါဝင်နေသောကြောင့် မှတ်ရန်၊ လေ့လာရေးသားနိုင်ရန် ဥပမာများနှင့်တကွ အချက်အလက်ခပ်များများကို ရေးသားဖော်ပြလိုက်ပါသည်။ သို့သော် တွေ့ရှိချက်ခေါင်းစဉ်တခုအောက်ရှိ အကြောင်းအရာများတခုလုံး (သို့) အစီရင်ခံစာတခုလုံးစာမျိုးကို ဥပမာအနေဖြင့် ဖော်ပြရန် စာအုပ်အနေဖြင့် အဆင်မပြေသောကြောင့် ဖတ်ရှု၊ ရေးသားမည့်သူများ နားလည်သဘောပေါက်လွယ်စေရန် ထုတ်နှုတ်၊ စီစဉ်ဖော်ပြလိုက်ပါသည်။

အချို့ဥပမာများကို မြန်မာလို ပြန်ဆိုရေးသားခြင်းမပြုတော့ပဲ အင်္ဂလိပ်စာ အရေးအသားဖြင့် သိရှိနိုင်ရန်လည်း အင်္ဂလိပ်လို တိုက်ရိုက်သာ ဖော်ပြလိုက်ပါသည်။

များသောအားဖြင့် (Narrative Report) များတွင် ပထမဦးစွာ ယေဘူယျ/ သိပ်အရေးမကြီးသောအချက်များဖြင့် စုစည်းရေးသားမှုများကို ဖော်ပြထားပြီး၊ နောက်ကနေ အရေးကြီးသည့်တွေ့ရှိချက်များနှင့် တချက်ချင်းစီအလိုက် မတူကွဲပြားသော ရေးသားနည်းများကို ဖော်ပြထားပါသည်။ ထို့နောက် တခုချင်းစီ၏ အောက်ဖက်တွင် သက်ဆိုင်ရာ ဥပမာများဖြင့် ရှင်းလင်းစွာ သိရှိနိုင်ရန် ရေးသားထားပါသည်။ ရေးသားထားသည်များကို အလောတကြီး မဖတ်စေချင်ပဲ၊ တချက်ချင်းစီ နားလည်သဘောပေါက်ရန် ဖတ်ရှုပြီး၊ ဖော်ပြထားသော ဥပမာများဖြင့် နှိုင်းယှဉ်လေ့လာသင့်ပါသည်။ ဥပမာများ၏ ခေါင်းစဉ်များကို ခပ်တိုတိုသာ ဖော်ပြထားပါသည်။

အချို့တွေ့ရှိချက်များသည် နှစ်အတော်ကြာပြီ ဖြစ်သည့်အတွက် နမူနာယူစေရန်ဖော်ပြပေးခြင်းသာ ဖြစ်ပြီး၊ ယနေ့ခေတ်ကာလနှင့်လျော်ညီချင်မှ လျော်ညီပါလိမ့်မည်။ သုတေသနအစီရင်ခံစာရေးသားမည့်သူများအတွက် ဗဟုသုတရရှိစေရန်သာ ရည်ရွယ်ပြီး မှတ်မိနေသော၊ မှတ်တမ်းပြုထားသော “တွေ့ရှိချက်များ” အများစုကိုသာ ဥပမာအနေဖြင့် ဖော်ပြထားသောကြောင့် အလုပ်အပ်နှံသည့်အဖွဲ့အစည်းအမည်များနှင့် အချို့အကြောင်းအရာ အသေးစိတ်၊ အတိအကျများကို သုတေသနကျင့်ဝတ်အရ မဖော်ပြနိုင်ပါ။

မိမိအတွေ့အကြုံများ၊ ဆရာသမားများနှင့်လုပ်ကိုင်ရေးသားခဲ့သည်များကိုသာ အဓိကရေးသားထားသည့် အတွက် အခြားအစီရင်ခံစာရေးသားနည်းများကို ဤစာအုပ်တွင် ဖော်ပြမထားပါ။ အရေအတွက်နှင့်ဆိုင်သော သုတေသနနှင့် အရည်အသွေးနှင့်ဆိုင်သောသုတေသန ပေါင်းစပ်ရေးသားခြင်း နမူနာများလည်း မပါဝင်ပါ။

အထူးသဖြင့် ဤစာအုပ်ရေးသားနိုင်ရန် သုတေသနဆိုင်ရာပညာရပ်များကို အထူးသင်ကြားပေးသော ဆရာဦးမိုးအောင်ကိုလည်း အမြဲကျေးဇူးတင်၊ ဂါရဝပြုအပ်ပါတယ်။

## I. အရည်အသွေးနှင့်ဆိုင်သောသုတေသန အစီရင်ခံစာရေးသားရန်အတွက် မှတ်သားရမည့် ယေဘူယျ အချက်များ၊

**(က)** လူမှုဖွံ့ဖြိုးရေးဆိုင်ရာသုတေသန (သို့) မိမိ၏ လုပ်ငန်းနှင့်ဆိုင်သော ဈေးကွက်သုတေသနများ (Social/ Market Research) အတွက် ပြဿနာများ ဖြေရှင်းရန် (ရှင်းပြရန်)၊ ရှိခဲ့၊ ရှိနေသည့် အခက်အခဲ၊ အားနည်းချက်များကို ကျော်လွှားနိုင်ရန်၊ လုပ်ငန်း အဆင်ပြေသည်၊ မပြေသည်များကို တိုင်းတာရန်၊ လုပ်ငန်းပိုမိုတိုးတက်ကောင်းမွန်စေရန်၊ နောင်/ ရေရှည် ပြုလုပ်မည့် လုပ်ငန်းစဥ်များအတွက် နည်းလမ်းကောင်းများ၊ အခွင့်အလမ်းကောင်းများ ပေါ်ထွက်လာစေရန်နှင့် ဆုံးဖြတ်ချက်များ မှန်မှန်ကန်ကန်ချမှတ်နိုင်ရန် စသော ရည်ရွယ်ချက်များဖြင့် သုတေသနစီမံချက် (Research Project) တခုကို ပြုလုပ်ကြပါသည်။

**(ခ)**အရည်အသွေးနှင့်ဆိုင်သောသုတေသနပြုလုပ်မှုတွင် ချမှတ်ထားသည့် သုတေသနဦးတည်ချက်များအတိုင်း ရရှိရမည့်အချက်များသည်လည်း များနိုင်သမျှ များရန်လိုသလို၊ ခိုင်မာသောအကြောင်းပြချက်များ၊ ဥပမာများ၊ အတွေးအမြင်များ၊ ခံစားချက်များနှင့် အတွေ့အကြုံများ၊ ယေဘူယျ/ အပေါ်ယံမဟုတ်သည့် တိကျမှန်ကန်သော အသေးစိတ် သုံးသပ်ချက်များ (Insights) စသဖြင့် ပါဝင်ရန် အထူးလိုအပ်ပါသည်။

**(ဂ)** ထို့ပြင် အနည်းစု၊ အများစု၏ အမြင်များ၊ အတွေ့အကြုံနှင့် ခံစားချက်များ၊ ထူးခြားချက်များ၊ နှိုင်းယှဥ်ချက်များ (နေရာဒေသများအလိုက် တူညီမှု၊ မတူညီကွဲပြားခြားနားမှုများ၊ အသက်အပိုင်းအခြား၊ ဦးတည်အုပ်စုများ၊ သုံးစွဲသည့် ကုန်ပစ္စည်းအမှတ်တံဆိပ်များအလိုက် အမြင်၊ အတွေ့အကြုံကွဲပြားမှုများစသဖြင့်) စာပိုဒ်များ၊ ခေါင်းစဥ်များခွဲခြားပြီး အပိုင်းလိုက် ဖွဲ့စည်းရေးသားရပါမည်။ ဆွေးနွေးပွဲများမှအချက်အလက်များကို ထိုကဲ့သို့ တူရာတူရာကို အရင်ဦးဆုံးစုစည်း ရေးသားခြင်း၊ (သို့) Report Structure ပြုလုပ်ထားပြီးပါက ခေါင်းစဥ်များအောက် တူရာတူရာ၊ (သို့) မတူကွဲပြား ခြားနားမှုများကို တခါတည်းထည့်သွင်း၊ ခွဲခြား၊ နှိုင်းယှဥ်ရေးသားခြင်းများ ပြုလုပ်ရပါမည်။ ခေါင်းစဥ်ကြီးများအောက်တွင် လိုအပ်သလို ခေါင်းစဥ်ငယ်များဖြင့် ထည့်သွင်းရေးသားရပါမည်။ ခေါင်းစဥ်ကြီးများသည်လည်း ခေါင်းစဥ်ငယ်များကို ခြုံငုံမိနေစေရပါမည်။

**(ဃ)** အရည်အသွေးနှင့်ဆိုင်သောသုတေသနအစီရင်ခံစာ (Qualitative Report) ရေးသားမည့်သူသည် အစီရင်ခံစာတခု ပြည့်စုံပြီးမြောက်အောင် ရေးသားရန် (Analysis ပြုလုပ်ရန်) အတွက် သုတေသနလုပ်ဆောင်မှုတစ်ခုလုံးတွင် တောက်လျှောက်ပါဝင်သင့်ပါသည်။ သုတေသနလုပ်ငန်းစဥ်များကို စီမံလုပ်ကိုင်မှု၊ သုတေသနပြုလုပ်ရာတွင် အသုံးပြုမည့်စာရွက်၊ စာတမ်းများ (အထူးသဖြင့်ဆွေးနွေးပွဲ လမ်းညွှန်၊ စမ်းသပ်မေးခွန်း၊ မှတ်စုများ/ Overview/ Transcript စသဖြင့်) ပြုလုပ်ခြင်း၊ အချက်အလက်ကောက်ယူခြင်း (Fieldwork Data Collection) အတွက် သင်တန်းပေးခြင်း၊ ဦးတည်ထားသည့်အုပ်စုဝင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ရရှိသောအချက်အလက်များအား အမြဲမှတ်တမ်းတင်နေခြင်း၊ စုစည်းခြင်းများ ပြုလုပ်ရာတွင် အစီရင်ခံစာရေးသားမည့်သူက ပါဝင်ရပါမည်။

**(င)** သုတေသနပြုလုပ်သူအဖွဲ့ဝင်များ (ဦးဆောင်ဆွေးနွေးသူ၊ မှတ်စုရေးသူများ) သည် မိမိတို့ပြုလုပ်ခဲ့သော သုတေသနရှာဖွေတွေ့ရှိချက်များအတွက် မှတ်စုများ/ Overview များ/ Transcripts များမှ တွေ့ရှိချက်များ၊ သုံးသပ်ချက်များ၊ ထိုအဖွဲ့ဝင်တို့၏ထင်မြင်ချက်များကို အစီရင်ခံစာရေးသားရာတွင် ရေးသားသူနှင့်အတူ ပါဝင်ကူညီ၊ ဆွေးနွေးလုပ်ကိုင်ပေးရပါမည်။ သို့မှသာ သုံးသပ်ချက်၊ ထင်မြင်ချက်များ၏ ရှုထောင့် ပေါင်းစုံကို ရရှိရေးသား နိုင်သလို၊ အယူအဆ အမှားအယွင်းနည်းနိုင်ပြီး၊ အချိန်ကုန်လည်း သက်သာ စေပါမည်။

**(စ)** Data collection (FGD, IDI, KII စသဖြင့်) ပြုလုပ်ပြီးနောက်၊ အချက်အလက်များ ထည့်သွင်း ပြုလုပ်ပြီးသော (မှတ်စုများ၊ Overview, Transcript) ထဲမှ အကြောင်းအရာများ၊ Fieldwork ထဲမှ မှတ်စုများ (Field Notes) ကို အပြန်ပြန်အလှန်လှန်ဖတ်ရှုခြင်း၊ အစီရင်ခံစာရေးသားမည့်သူမှ Interviewer/ Moderator များ/ မှတ်စုရေးသူများ နှင့် ဆွေးနွေး မေးမြန်းမှတ်တမ်းတင်ပြီး ၎င်းတို့၏တွေ့ရှိချက်များ၊ ထင်မြင်ချက်များ၊ သိသာထင်ရှားသည့် အချက်များ၊ အကြံပြုချက်များကို ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ကာ ညှိနှိုင်း၊ အတည်ပြုရေးသားရပါမည်။

Field Notes များ၊ တွေ့ရှိချက်မှတ်စုများကို ဖတ်ရှုရာတွင် မရှင်းလင်းနိုင်သောကြောင့် မှတ်တမ်းတင်ခဲ့သည့်သူနှင့် ဆွေးနွေးခြင်း ကသာ ပိုမိုရှင်းလင်းသိရှိစေနိုင်ပါသည်။ Recording ပြုလုပ်ခဲ့ပါက ဆွေးနွေးမေးမြန်းမှုများကို နားထောင်ခြင်းဖြင့် သုံးသပ်ချက်များ၊ တွေ့ရှိချက်များ ပိုမိုရရှိလာစေနိုင်ပါမည်။

**(ဆ)** အစီရင်ခံစာ မရေးသားခင်/ အပြီးမသတ်ခင် အောက်ပါ အရေးကြီးသော အချက်များကိုလည်း အဓိကစမ်းစစ်ရန် လိုအပ်ပါသည်။

(၁) မှားယွင်းသောသုတေသနပြုလုပ်ချက်များ ပြုလုပ်ခြင်း (ဥပမာ - သုတေသနဆိုင်ရာ သင်တန်းများကို သေချာမတက်ရောက်ခဲ့ဖူး၊ မလေ့လာဖူးပဲ ရေးသားခြင်း)

(၂) သုတေသနတွင် ပါဝင်သော တွေ့ဆုံမေးမြန်းသူ/ ဦးဆောင်ဆွေးနွေးသူများ၊ စီမံချက်ဦးဆောင်သူ၊ အစီရင်ခံစာရေးသားမည့်သူများသည် သုတေသနနှင့် ပတ်သတ်သော လုပ်ငန်းအတွေ့အကြုံနည်းသူ၊ မရှိသူများ ဖြစ်နေခြင်း၊ အထူးသဖြင့် ဦးဆောင်ဆွေးနွေးသူတစ်ဦးအဖြစ် မေးခွန်းများ မမေးတတ်ခဲ့ပဲ အစီရင်ခံစာ ရေးသားခြင်း၊

(၃) အစဖော်ပေးခြင်း၊ နမိတ်ပြမေးခွန်းများ မေးခဲ့ခြင်း၊ ဖြေဆိုသူများကို သင်ပေးပြီးမှ မေးမြန်းခြင်း၊ ဖြေဆိုသည့်အဖြေများသေချာဆုံးခန်းတိုင် မမေးပဲ မိမိဖာသာနားလည်သလို ထည့်သွင်းရေးသားခြင်း၊ ရှေ့နောက်ကျိုးကြောင်းညီညွတ်မှုမရှိသည့် အဖြေများကို အကြောင်းပြချက်များသေချာစွာ မမေးမြန်းခဲ့ခြင်းနှင့် စသော မေးမြန်းမှုများ မှားယွင်းမိခဲ့ခြင်း၊

(၄) ဖြေဆိုသူများ၏ပြောကြားချက်များ (ခံစားချက်၊ အတွေးအမြင်၊ ဗဟုသုတ၊ အတွေ့အကြုံများ) ထက် ကျော်လွန်၍ မိမိ ခံစားချက်၊ ယုံကြည်ချက်များကိုသာ အမြဲဇောင်းပေး မေးမြန်းခြင်း၊ ထည့်သွင်း ရေးသားခြင်း၊

(၅) ဘက်လိုက်ပြောဆိုဆွေးနွေးမေးမြန်းခဲ့ခြင်း၊ မလုံခြုံသောနေရာတွင် ပြုလုပ်ခဲ့ခြင်း၊ သုတေသန ကျင့်ဝတ်နှင့် မညီသော တွေ့ဆုံဆွေးနွေးမေးမြန်းခြင်းများ (သုတေသနပြုလုပ်သူမှ အထက်စီးဖြင့် ဆက်ဆံခဲ့ခြင်း၊ ဖြေဆိုသူအပေါ်ဆရာလုပ်နေခြင်း၊ ဥပမာ - လိင်ကိစ္စများကဲ့သို့ Sensitive topic များကို လူအများရှေ့တွင် ဆွေးနွေးမေးမြန်းခြင်း၊) ဆွေးနွေးဖြေကြားချက်များကို အမှားအမှန် အဆုံးအဖြတ် ပေးခဲ့ခြင်း စသော သုတေသနကျင့်ဝတ်များ မလိုက်နာပဲ မေးမြန်းခဲ့ခြင်း၊

(၆) တစ်ဦးတစ်ယောက်ကိုအခြားသူများထက် မျက်နှာသာပေးခြင်း၊ တစ်ဦး၊ နှစ်ဦးပြောသည့် အကြောင်း အချက်များကိုသာ ယူပြီး အများစုသဘောထားလား၊ အနည်းစုသဘောထားလား၊ မကွဲပြားပဲ မေးမြန်းခဲ့ခြင်း (သို့) မှတ်စုများကို ဖတ်ရှုရာတွင် အနည်းစုကို အများစုသဘောထားပုံစံ သုံးသပ် စုစည်းမှုမှားခြင်း

စသဖြင့် ပြုလုပ်ခဲ့သောသုတေသနရလဒ်များ (တွေ့ရှိချက်များ) ကို စမ်းစစ်ရန် လိုအပ်မည်ဖြစ်ပြီး၊ အဆိုပါ ပုံစံအချက်မျိုး ဖြစ်နေပါက အစီရင်ခံစာတွင် လုံးဝ ဖော်ပြရေးသားခြင်း မပြုရပါ။

**(ဈ)** သုတေသနအစီရင်ခံစာရေးသားရာတွင် သုတေသနဦးတည်ချက်များကို အမြဲခေါင်းထဲထည့်ထားပြီး မှတ်စုများ/ Transcript များကို ဖတ်ရှုပြီး၊ ရေးသားရပါမည်။ ထို့ပြင် အစီရင်ခံစာဖတ်မည့် (အလုပ်အပ်နှံသူ) သူက မည်သူဖြစ်သည်၊ ဖတ်ရှုမည့်သူများနေရာမှ စဉ်းစားမှု၊ သုတေသနတွေ့ရှိချက်ရလာဒ်၊ အကြံပြုချက်များဖြင့် လုပ်ငန်းများကို မည်သို့ ဆက်လက်ပြုလုပ်နိုင်မည် စသောအချက်များ ထည့်သွင်းစဉ်းစားပြီး ရေးသားရပါမည်။

**(ဈ)** အရည်အသွေးနှင့်ဆိုင်သောသုတေသန အစီရင်ခံစာရေးမည့်သူသည် မိမိကိုယ်တိုင်အစီရင်ခံစာ ရေးသားမှုအတွေ့အကြုံများရရှိပြီးသည့်နောက် တစ်ဆင့်ပြီးတစ်ဆင့် ပိုမိုကောင်းမွန်သောအစီရင်ခံစာများကို ရေးသားနိုင်ရပါမည်။ အစီရင်ခံစာကောင်းတစ်အုပ် (တွေ့ရှိချက်ကောင်းများ၊ အကြံပြုချက်ကောင်းများ) ဖြစ်မှသာ အလုပ်အပ်နှံသူ/ အလှူရှင် (NGO)၊ အလုပ်အပ်သော ကုမ္ပဏီ၊ အဖွဲ့အစည်းများ မိမိအဖွဲ့သားများနှင့် သက်ဆိုင်ရာ ဦးတည်ထားသူများ၊ နောင်အကောင်အထည်ဖော်ပေးမည့်သူများအတွက်လည်း အကျိုးရှိမည်ဖြစ်ပါသည်။

**(ည)** မိမိပြုလုပ်မည့် သုတေသန၏အကြောင်းအရာနှင့်ပတ်သတ်သည်များကို သုတေသနစတင်ပြုလုပ်မည် ဆိုကတည်းက ကြိုတင်လေ့လာပြီး၊ နားလည်ထားဖို့လိုအပ်ပါသည်။ သို့မှသာ သုတေသနအချက်အလက်များကို သေချာစွာမေးခွန်းများပြုလုပ်နိုင်ခြင်း၊ မေးမြန်းနိုင်ခြင်း၊ သုတေသနရလာဒ်များအရ ပြန်လည်ရှင်းလင်းပြနိုင်ခြင်း၊ ပြည့်စုံစွာ ရေးသားခြင်းများ ပြုလုပ်နိုင်ပါမည်။

**(ဋ)** သုတေသနစီမံချက်တခုပြုလုပ်သည့် အဆင့်တခုချင်းစီ၏ အချိန်ကာလများ-Timeline (မေးခွန်းများ ပြုလုပ်ခြင်း၊ မေးမြန်းခြင်း၊ အချက်အလက်များစုစည်းခြင်းနှင့် အစီရင်ခံစာရေးသားဖို့အတွက် အချိန်ကာလ တခုချင်းစီ သတ်မှတ်ခြင်း) သည် အရေးကြီးပြီး၊ သတ်မှတ်အချိန်ကာလတခုစီအတွင်း ပြီးစီးရမည်ဖြစ်ပါသည်။ အစီရင်ခံစာ ရေးသားရမည့်အချိန်ကာလသည်လည်း ရက်အနည်းငယ်သာ ရရှိခဲ့လျှင် ပြည့်စုံမှု မရှိနိုင်သည့် အစီရင်ခံစာတစောင် ဖြစ်နေနိုင်ပါမည်။

**(ဌ)** အထူးသတိထားရမည်မှာ အရည်အသွေးနှင့်ဆိုင်သောသုတေသနအစီရင်ခံစာ ဖြစ်သည့်အတွက် ဖြေဆိုသူဘယ်လောက်က ဘယ်လိုမြင်ပါသည် စသော ကိန်းဂဏန်းရာခိုင်နှုန်းများ၊ Charts, Graphs များ (လုံးဝ) မပါဝင်ရပါ။ လိုအပ်ချက်အရ တွေ့ရှိချက်များတွင် Sample, Profile ကဲ့သို့ ဥပမာ-ဆွေးနွေးပွဲ အရေအတွက် Table များ၊ ဈေးနှုန်းများနှင့် Score/ Grading ပေးခြင်းများကဲ့သို့ ပြုလုပ်ခြင်းများကိုတော့ ထည့်သွင်းပြုလုပ်နိုင်ပါသည်။ (မှတ်ချက်အနေဖြင့် အချို့ သုတေသနစာတမ်းရေးသားသူများက ဥပမာ **"QDA Miner Lite"**၊ **"ATLAS.ti"** ကဲ့သို့ Qualitative Analysis Software များ အသုံးပြုကာ ရာခိုင်နှုန်းများဖြင့် ဖော်ပြပြီး ရေးသားနေမှုများလည်း ရှိနေကြပါသည်။ မိမိအနေဖြင့် ထိုအရာများကို ဗဟုသုတမရှိခြင်း၊ အရည်အသွေးနှင့်ဆိုင်သောသုတေသနတွင် အရေအတွက်၊ ကိန်းဂဏန်းများ ပါဝင်ရေးသားခြင်းကို လက်မခံသောကြောင့် ထည့်သွင်းဖော်ပြနိုင်ခြင်း မရှိပါ။)

**(ဍ)** ထို့နောက် မိမိပြုလုပ်မည့် သုတေသနအတွက် လိုအပ်ပါက ယခင်ရှိခဲ့သော အစီရင်ခံစာများအား ဖတ်ရှုမှတ်သား ရပါမည်။ ကောက်ယူရရှိသော အချက်အလက်တွေ့ရှိချက်များနှင့် နှိုင်းယှဉ်လေ့လာပြီး ရေးသားရပါမည်။ (အထူးသတိပြုရမည်မှာ ယခုမိမိပြုလုပ်သော သုတေသနတွေ့ရှိချက်ရလာဒ်များက ယခင်နှစ်များမှာ ပြုလုပ်ခဲ့သော အစီရင်ခံစာအဟောင်းများ၏ ရလာဒ်များ၊ အချက်အလက်များနှင့်ကွာခြားမှု လုံးဝမရှိခဲ့လျှင် မိမိသုတေသနပြုမှုသည် အကျိုးမရှိခြင်းဖြစ်ပါလိမ့်မည်။ ထို့ကြောင့် မိမိသုတေသနမပြုလုပ်ခင် လုပ်ကိုင်မည့် ဦးတည်အုပ်စု၊

နေရာ၊ အကြောင်းအရာ၊ ခေါင်းစဉ်၊ ယခင်လုပ်ကိုင်ခဲ့မှုရှိ၊ မရှိ စသည်တို့ကို လေ့လာပြီးမှ သုတေသနပြုလုပ်ရပါမည်။ ဆိုလိုသည်မှာ ယခင်အစီရင်ခံစာအဟောင်းထက် တွေ့ရှိချက်များ၊ အချက်အလက်အသစ်များ ပိုမိုရရှိရန်၊ အကြံပြုချက် အသစ်များရရှိရန်၊ ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် ဖြစ်ပါသည်။)

**(ဃ)** Qualitative Report (Narrative) တခုတွင် များသောအားဖြင့် အောက်ပါအချက်များဖြင့် အခန်းလိုက်၊ အဆင့်လိုက် ပါဝင်ရပါမည်။

1. Background to the Research (သုတေသနနောက်ခံသမိုင်းကြောင်း)

2. Research Objectives (သုတေသနရည်ရွယ်ချက်)

3. Methodology (သုတေသနနည်းပညာ)

4. Executive Summary (အဓိက အကျဉ်းချုပ်)

5. Conclusions & Recommendations (နိဂုံးချုပ်နှင့်အကြံပြုချက်များ)

6. Main Findings (အဓိကရှာဖွေတွေ့ရှိချက်များ) တို့ အဓိကပါရှိရပါမည်။

7. လိုအပ်ပါက နောက်ဆက်တွဲ Appendix ထည့်ပေးရပါမည်။ ဥပမာ-Respondents' Profile, Screening Questionnaire, Discussion Guide/ Topic Guide, Secondary Data စသဖြင့် ထည့်သွင်းပေးရပါမည်။

8. လိုအပ်ပါက "လေ့လာမှုအတွင်း ကန့်သတ်ချက်များ" ကိုလည်း သုတေသနနည်းပညာများ နောက်တွင် ထည့်သွင်းရေးသားနိုင်ပါသည်။

အလုပ်အပ်နှံသူ/ အစီရင်ခံစာ ဖတ်ရှုမည့်သူသည် မိမိသုတေသနပြုလုပ်သည့် ရည်ရွယ်ချက်၊ နောက်ခံသမိုင်းကြောင်းများ သိရှိပြီး ဖြစ်သည့်အတွက် "Executive Summary (အဓိကအကျဉ်းချုပ်)" ကို အစီရင်ခံစာ ရှေ့ဆုံး၌ ထားကာ ဖော်ပြရေးသားကြခြင်းများလည်း ရှိကြပါသည်။

**(င)** အထူးမှတ်ရန်မှာ အလုပ်အပ်နှံသူမှ Quality Control လိုက်ရန် (သို့) ဦးတည်အုပ်စုပေါ်မူတည်ပြီး တွေ့ရှိချက်များကို ပိုမို နားလည်စေရန်၊ နှိုင်းယှဉ်ကြည့်ရန်အတွက် ဖြေဆိုသူများ၏ အချက်အလက်များ (Respondents' Profile) ကို ဖြေဆိုသူအမည်များနှင့်တကွ အပြည့်အစုံကို အလုပ်အပ်နှံသူတောင်းဆိုပါက အမည်များ၊ ဖုန်းနံပါတ်၊ လိပ်စာများ အား အစီရင်ခံစာ နောက်ဆက်တွဲထဲတွင် ထည့်သွင်းပေးလိုက်ခြင်း/ တိုက်ရိုက်စကားများ (Quotations) တွင် အမည်များပါ ထည့်သွင်းခြင်းသည် သုတေသနကျင့်ဝတ်မှ "လျှို့ဝှက်ထားရှိခြင်း" များအတွက်ပါ စဉ်းစား၊ ညှိနှိုင်းပြီး သေချာစွာ လုပ်ကိုင်ဆောင်ရွက်ရပါမည်။ Respondents' Profile အပြည့်အစုံကို အစီရင်ခံစာထဲတွင် တွဲလျက်ပေးခြင်းထက် သီးသန့်ပေးခြင်းကသာ အကောင်းဆုံးဖြစ်ပါသည်။

**(စ)** လိုအပ်ပါက လုပ်ငန်းခွင်အစီရင်ခံစာ (Field Report) နှင့် အရည်အသွေးစစ်ဆေးခြင်း အစီရင်ခံစာ (Quality Control Report) တို့ကို အဓိကအကျဉ်းချုပ် (Executive Summary) မတိုင်ခင်၊ သုတေသနနည်းလမ်း (Methodology) အောက်ဖက် (သို့) နောက်ဆက်တွဲတွင် ထည့်သွင်း ရေးသားရပါမည်။

**(ဆ)** အချို့အစီရင်ခံစာများတွင် နိဂုံးချုပ် (Conclusion) ကို ထည့်သွင်းလေ့ မရှိပါ။ (အကျဉ်းချုပ်နှင့် နိဂုံးချုပ်၏ ကွာခြားချက်များကို ဤနေရာတွင် အကျယ်တဝင့်ရေးသားခြင်း မပြုတော့ပါ) အဓိကအားဖြင့် အစီရင်ခံစာတစောင်

ရေးသားရာတွင် အဓိကရှာဖွေတွေ့ရှိချက်များကို အရင်ဆုံးရေးသားလေ့ရှိပြီး၊ အကျဉ်းချုပ်နှင့် နိဂုံးချုပ်နှင့် အကြံပြုချက်များကို ဒုတိယ၊ တတိယအနေဖြင့်သာ ရေးသားလေ့ရှိပါသည်။

**(ဒ)** အဖွဲ့အစည်းတခု (သို့) ကုမ္ပဏီတခု၏ နောက်ခံသမိုင်းကြောင်း ဥပမာ - မည်သည့်ခုနှစ်တွင် တည်ထောင်ပြီး၊ မည်သည့်နေရာဒေသများတွင် မည်သို့သောအစီအစဉ်၊ စီမံချက်များကို ပြုလုပ်ခဲ့၊ ပြုလုပ်နေသည်၊ ကုမ္ပဏီများ ဆိုလျှင် မည်သည့်အမှတ်တံဆိပ်ကုန်ပစ္စည်းအမျိုးအစားများကို ဈေးကွက်တွင် ထုတ်လုပ်ရောင်းချခဲ့/ နေသည်။ ယခုအခါ မည်သို့သောကုန်ပစ္စည်းအမှတ်တံဆိပ်ကို ပြုလုပ်ရောင်းချချင်သည်၊ ဈေးကွက်တွင် မည်သို့ဖြစ်ပေါ်နေ သောကြောင့် သုတေသနတခုကို ပြုလုပ်ချင်ပါသည်စသဖြင့် ဖော်ပြထားသော အကြောင်းအရာများကို အစီရင်ခံစာ ရှေ့ပိုင်းတွင် ပြန်လည်ဖော်ပြပေးရပါမည်။ (ဤနေရာတွင် သုတေသနနောက်ခံသမိုင်းကြောင်းများကို ဥပမာများဖြင့် မဖော်ပြလိုတော့ပါ။)

**(ဓ)** နောက်ပိုင်းတွင်ဖော်ပြထားသည့် တွေ့ရှိချက်နမူနာရေးသားထားမှုများကို သေချာစွာ အသေးစိတ်ဖတ်ရှုရန် လိုအပ်ပါသည်။ ထိုစာပိုဒ်များထဲမှ ကိုးကားသည့် စကားများ (Quotes) ၏ အဆုံးသတ် ဦးတည်အုပ်စုများကိုပါ ဖတ်ရှုမိပြီး မိမိပြုလုပ်မည့် သုတေသနဆွေးနွေးပွဲ ဖိတ်ကြား/ ဖြေကြားမည့်သူများအတွက် မည်သည့် "စံ" -Criteria (ဥပမာ-ကျား/မ၊ အသက်၊ အလုပ်အကိုင်၊ ရန်ကုန်/မန္တလေးကဲ့သို့အရပ်ဒေသ၊ စီမံချက်တွင် ပါဝင်သူ၊ စသဖြင့် သတ်မှတ်ချက်) များဖြင့် ဖိတ်ကြား၊ ပြုလုပ်ခဲ့ရမည်ကိုပါ နမူနာယူ၊ သတိပြု ဖတ်ရှုနိုင်ပါသည်။

## II. TOP-LINE REPORT

အလုပ်အပ်နှံသောသူ (Client) မှ Project/ Program တခု အမြန်စတင်လိုခြင်း၊ ဥပမာ-ကုန်ပစ္စည်းတခု/ ဆေးညွှန်းတစ်ခု/ ကြော်ငြာတခု ဈေးကွက်အတွင်းအမြန်ဖြန့်ချိ ထုတ်လုပ်လိုသောအခါ/ ပြိုင်ဖက်မှ ဈေးကွက်တွင် သိသာထင်ရှားသောဆောင်ရွက်မှုများရှိနေသောအခါ (အရေးတကြီး ဆုံးဖြတ်ချက်ချလိုသောအခါ) တွင် Top-Line Report (Preliminary Findings) ကို တောင်းဆိုကြသောအခါ ရေးသားပေးရပါသည်။

- ❖ အဓိက ရှာဖွေတွေ့ရှိချက်များကို သုတေသန ပြုလုပ်သူများ (မေးမြန်းသူ၊ မှတ်စုရေးသူ၊ အစီရင်ခံစာ ရေးသူစသဖြင့်) အချင်းအချင်းတိုင်ပင်၍ အချက်အလက်ကောက်ယူမှု (Fieldwork Data Collection) ပြီးပြီးချင်း၊ အမြန်ဆုံး အချက်အလက်များကို စုစည်း၍ အတိုချုံး ရေးသားရပါမည်။ Quotations များ ပါဝင်ရန်မလိုပါ။ အများစု၊ အနည်းစုနှင့် ထင်ရှားသောအချက်များ လွဲမှားမှု လုံးဝမရှိစေရန် အထူးသတိထားရပါမည်။ သုတေသနဦးတည်ချက်နှင့်ကိုက်ညီသော ထူးခြားသည့်အဓိကတွေ့ရှိချက်များ ပါဝင်ရပါမည်။
- ❖ သုံးသပ်ချက်အများအပြား ရေးသားရန် မလိုအပ်သေးပါ။ လိုအပ်သော အဓိကလိုရင်းအတိုချုံးအချက် (Preliminary Findings) Points များလောက်သာရေးပြီး၊ စီကာပတ်ကုံး၊ အရှည်ကြီး ရေးသားရန်မလိုပါ။
- ❖ အချက်အလက်အတိုလေးများဖြင့် ရေးသားရာတွင် နောက်ဆုံးအစီရင်ခံစာ (Final Report) အကျယ်တဝင့် ပြန်လည်ရေးသားရန်နှင့် လွဲချော်မှု မရှိစေရန် အတွက်ပါ ထည့်သွင်းစဥ်းစား လုပ်ကိုင်ခဲ့ပါမည်။
- ❖ အဓိကလိုရင်းအတိုချုံးအချက်ရေးသားနိုင်ရန် အချက်အလက်ကောက်ယူစဥ်အခါကတည်းက ဆွေးနွေး မေးမြန်းမှုများတွင် ပါဝင်ပြီး တွေ့ရှိချက် မှတ်စုတိုများ လိုက်လံမှတ်သား ရေးသားထားရပါမည်။
- ❖ Top-line Report သည် အလုပ်အပ်နှံသူ၏ မှတ်ချက်များနှင့် တုံ့ပြန်မှုများ ပေးနိုင်သောကြောင့် နောက်ဆုံးအစီရင်ခံစာ အဆင်ပြေချောမွေ့စွာ၊ ပြည့်စုံစွာ ရေးသားနိုင်ရန်အတွက်လည်း အသုံးတည့်ပါသည်။

<u>Transcript/ Overview/ မှတ်စုများအား ဖတ်ရန်။</u>

- ❖ Overview/ မှတ်စုများသည် တွေ့ဆုံမေးမြန်းပြီးသည်နှင့် သက်ဆိုင်ရာမေးခွန်းများနှင့် ယှဥ်လျက် တွေ့ရှိချက် အဖြေများကို ပြန်လည်ဖတ်ရှု၊ စစ်ဆေးပြီး အခြားသူများလည်း နားလည်နိုင်စေရန် မူလရေးသူမှ ရှင်းလင်းအောင် ရေးသားထားပေးရပါမည်။
- ❖ အဓိကတွေ့ရှိချက်များ (ထင်ရှားသောအချက်များ)အား ပွဲပြီးပြီးချင်းရေးထားသော မှတ်စုများ ဖတ်ရှုပြီး၊ ရနိုင်သမျှ၊ မှတ်မိသမျှ ချရေးရန်။ (အဆင်ပြေပါက၊ ပါဝင်သူအားလုံး ဆွေးနွေးရေးချပါ)
- ❖ လိုအပ်ပါက အသံဖိုင် (Audio File) များကို နားထောင်ခြင်း (သို့) မှတ်စုများအား ပြန်လည်ဖတ်ရှုခြင်းများ ပြုလုပ်ရပါမည်။

## III. Presentation ပြုလုပ်ခြင်း၊

အလုပ်အပ်နှံသောသူ (**Client**) မှ မိမိတို့ပြုလုပ်သော သုတေသနအချက်အလက်များအား သုတေသီထံမှ နှုတ်အားဖြင့် ရှင်းလင်းသည်များကို ကြားလိုခြင်း၊ အပြန်အလှန်မေးမြန်း၊ ဆွေးနွေးညှိနှိုင်းခြင်း၊ မိမိတို့၏ မိတ်ဖက်အဖွဲ့အစည်းများ၊ သုတေသနတွင် အကျုံးဝင် (ပါဝင်သူများ) ကို သုတေသနတွေ့ရှိချက်များအား အတိုချုံးဖြင့် ရှင်းရှင်းလင်းလင်း အသိပေး၊ အကြောင်းကြား လိုခြင်းများ ဆုံးဖြတ်ချက် ခပ်မြန်မြန်ချနိုင်ရန်ကိစ္စများ စသဖြင့်တွင် တောင်းဆိုလေ့ရှိပါသည်။ **Presentation** ပြုလုပ်ခြင်းဖြင့် တွေ့ရှိချက်များထဲမှ မရှင်းလင်းသည်များကို တခါထဲလည်း အပြန်အလှန် မေးမြန်းဆွေးနွေး နိုင်ပါသည်။ ပြုပြင်ရေးသားလိုသည့်အချက်များ၊ မှားယွင်းနိုင်မှုများ၊ အားနည်းချက်များကိုလည်း တခါထဲ မှတ်ချက်ပေး ပြောကြားခြင်းများ၊ ပိုမိုကောင်းမွန်သည့်တွေ့ရှိချက်များ၊ အစီရင်ခံစာဖြစ်ရေးတို့အတွက် အထောက်အကူ ပြုနိုင်ပါသည်။

- ❖ **Presentation** ပြုလုပ်ရာတွင် အဓိကတွေ့ရှိချက်အကြောင်းအရာများ (**Preliminary Findings / Executive Summary**) ကိုသာ ဖော်ပြပေးရန်နှင့် အတိုဆုံး၊ အကျဉ်းချုံးဖြင့် နားလည်သဘောပေါက်ရန် ဖြစ်ပါသည်။
- ❖ အကြံပြုချက်များပါ ထည့်သွင်းတင်ပြရန်။
- ❖ **Final Report** အတွက် အဆင်သင့်ရေးပြီးသလောက်ဖြစ်ပြီး၊ အစီရင်ခံစာတွင် ရှေ့နောက်ထားရမည့် အကြောင်းအရာများ၊ ထပ်မံထည့်သွင်းရမည့်အကြောင်းအရာများ၊ ဖယ်ထုတ်သင့်သည်များ စသဖြင့် အသုံးဝင်ပါသည်။
- ❖ သုတေသနပြုလုပ်မှု၏ အားသာချက်များ၊ အားနည်းချက်များထွက်ပေါ်လာမှုနှင့် နောင်ဆက်လက် လုပ်ကိုင်ရမည့် သုတေသနတို့အတွက်လည်း အသုံးဝင်ပါသည်။
- ❖ **Slides** များသည် နားထောင်နေမည့်သူများ စိတ်ဝင်စားစေရန် (ပုံများ၊ အရောင်များ၊ **Icons** များ, **Slide Design** များ အပါအဝင် **Key Visual** များလည်း) ပြုလုပ်ထားဖို့ အထူးလိုအပ်ပါသည်။
- ❖ **Presentation** ပြုလုပ်ရာတွင် ကြာချိန်သည် မငြီးငွေ့စေရန် အများဆုံး (၁) နာရီခန့်သာ ကြာသင့်ပါသည်။ ထို့နောက် မေးမြန်းသည့်အကြောင်းအရာများကို အပြန်အလှန်ပြောဆိုဆွေးနွေးကြခြင်း၊ အပြီးသတ် ဆုံးဖြတ်ချက်ချကြပြီး နောက်ဆုံးအစီရင်ခံစာရေးသားမည့်ပုံစံ၊ ထပ်မံထည့်သွင်းရမည့်အချက်များ၊ ထပ်မံပြုလုပ်ရမည်များကို အတည်ပြုကြရပါမည်။
- ❖ စာလုံးပေါင်း၊ **Format** ပုံစံများကဲ့သို့ သိပ်အရေးမကြီးသည့်ကိစ္စများထက် တွေ့ရှိချက်အကြောင်းအရာများ ပေါ်တွင် လိုအပ်ချက်များ၊ သံသယ၊ ဖြစ်နိုင်၊ မဖြစ်နိုင်ကိစ္စများ၊ နှိုင်းယှဉ်သုံးသပ်ပုံ၊ အကြောင်းပြချက် ခိုင်လုံမှုရှိ၊ မရှိ၊ ခေါင်းစဉ်များနှင့်ကိုက်ညီမှုရှိ၊ မရှိ စသောအကြောင်းအရာများကို နောက်ဆုံးအစီရင်ခံစာ (**Final Report**) ရေးရန် အဓိကဦးတည်ဆွေးနွေးရပါမည်။

အောက်ဖော်ပြပါအချက်များကို ပါဝင်ထည့်သွင်းစဉ်းစားပြီး Presentation အတွက် ရေးသားရပါမည်။

- သုတေသနပြုလုပ်ခဲ့ရသည့်အကြောင်းအရင်း (နောက်ခံသမိုင်းကြောင်း)
- သုတေသနဦးတည်ချက်များ၊
- သုတေသနပြုလုပ်ခဲ့သည့် နည်းပညာနှင့် ၄င်းကို ဘာကြောင့်အသုံးပြုခဲ့ပါသလဲ၊
- မည်သူတွေ၊ မည်သည့်အုပ်စုတွေနှင့် ဆွေးနွေးပြောဆိုခဲ့ပါသလဲ၊
- အဓိကရှာဖွေတွေ့ရှိချက်တွေက ဘာတွေလဲ၊ (အတိုဆုံးအနေဖြင့်သာ)
- သုတေသနရလာဒ်အဖြစ် ဘာတွေကို အကြံပြုမှာလဲ။

## IV. အဓိက အကျဉ်းချုပ် (EXECUTIVE SUMMARY - E.S)

ဆုံးဖြတ်ချက်ချမည့်သူများ (Director များ၊ Program Manager များ၊ Marketing/ Brand Manager များ၊ စာအများကြီး မဖတ်ချင်သောသူ/ အချိန်မပေးနိုင်သောသူများ) အတွက် ထိထိမိမိနှင့်သုတေသနရလာဒ်များကို သိရှိနိုင်ရန် အဓိကအကျဉ်းချုပ်ကို နှိုက်နှိုက်ချွတ်ချွတ်မဟုတ်ပဲ **<u>လိုရင်းတိုရှင်းဖြင့်</u>** ပြုလုပ်ရေးသားရပါသည်။ အဓိကအကျဉ်းချုပ် (E.S) တွင် ရေးသားရမည့် အချက်များသည် ဆုံးဖြတ်ချက်ချရမည် ဖြစ်သောကြောင့် လုံးဝတိကျ၊ မှန်ကန်နေရပါမည်။ တနည်းအားဖြင့် အဓိကတွေ့ရှိချက်များနှင့် အကြံပြုချက်များအတွက် ဆုံးဖြတ်နိုင်ရန် (E.S) မှ အကြောင်းအရာများက အထောက်အပံ့ဖြစ်ရန် ပါဝင်နေရပါမည်။ သို့သော် အကြံပြုချက်များတော့ တိုက်ရိုက် ပါမနေသင့်သေးပါ။ အကယ်၍ နိဂုံးချုပ်မပါဝင်သော အစီရင်ခံစာများတွင် (E.S) သည် နိဂုံးချုပ်ကဲ့သို့ ရေးသားခြင်း လိုမျိုးလည်း ဖြစ်နိုင်ပါသည်။

စုစုပေါင်း စာမျက်နှာ (၁) မျက်နှာမှ (၃) မျက်နှာခန့်ထိ အစီရင်ခံစာ (တွေ့ရှိချက်များ) ရှည်လျားမှုပေါ်မူတည်ပြီး သာမန်အားဖြင့် အဓိကအကျဉ်းချုပ် (E.S) ကို ရေးသင့်ပါသည်။ သုတေသနစီမံချက်/ အစီရင်ခံစာ ကြီးလျှင် ကြီးသလို ရှင်းရှင်းလင်းလင်းသဘောပေါက်ရန်နှင့် တွေ့ရှိချက်တခုလုံး ခြုံငုံသိရှိနိုင်စေရန်သာ အရေးကြီးပါသည်။

ပထမဦးစွာ (E.S) မရေးခင် သုတေသနနှင့် တွေ့ရှိချက်ရလာဒ်များကို ပြန်လည်အကဲဖြတ် စဉ်းစားပါ။ အဓိက တွေ့ရှိချက်ထဲမှ အဓိကကျမည့်အချက်များကို မျဉ်းတားပါ။ ခေါင်းစဉ်များ၊ ခေါင်းစဉ်အခွဲများအား လိုအပ်သလို ထည့်၊ မထည့်ခြင်းကို ဆုံးဖြတ်ပါ။ (သို့) အချို့ခေါင်းစဉ်များကို ပေါင်းရေးမည်၊ မရေးမည်ကို ဆုံးဖြတ်ပါ။ အဓိကတွေ့ရှိချက်များအားလုံးမရေးပြီးခင် မှတ်စုလောက်သာရေးမှတ်ထားပြီး (E.S) ကို လုံးဝမရေးရပါ။

- ➢ စတင်ရေးသားစဉ်ကတည်းက အကြံပြုချက်များကို မှတ်စုတနေရာတွင် ရေးထားသကဲ့သို့ (E.S) ကိုလည်း မှတ်စုအနေဖြင့် တချက်ချင်းစီ ရေးသားထားရန် လိုအပ်ပါသည်။ (သို့မဟုတ်) အဓိကတွေ့ရှိချက်များ ရေးသားပြီးသောအခါတွင် ခေါင်းစဉ်တခုချင်းစီတွင် ပါဝင်သောအကြောင်းအရာ တွေ့ရှိချက်များအလိုက် တချက်ချင်းစီ ရေးသားရပါမည်။
- ➢ အဓိကရှာဖွေတွေ့ရှိချက်များ (Main Findings) ရှိ စာပိုဒ် (Text) များကိုသာ စုစည်းပြီး၊ တိုတိုနှင့် လိုရင်းရေးရန်၊ (Quotations များကို အရင် ဖြတ်ထုတ်၍ စရေးရန်) ပြောဆိုခဲ့သူများ၏ တိုက်ရိုက်စကားများ (Quotations) ကို ထည့်သွင်းရေးသားစရာ မလိုပါ။
- ➢ ပြန့်ကျဲနေသော တွေ့ရှိချက်အကြောင်းအရာများကို ခေါင်းစဉ်တစ်ခုအောက်တွင် တူရာတူရာ စာပိုဒ်တပိုဒ်၊ တပိုဒ်စီမှ စုစည်းရေးသားရန်။
- ➢ တွေ့ရှိချက်များ၏ အကြောင်းပြချက်များကို အနည်းငယ် (သို့) အရေးကြီးသည့်အချက်များကိုသာ ထည့်ရန်။ (အရေးကြီးသည်မှာ အရည်အသွေးနှင့်ဆိုင်သောသုတေသန၏ အနှစ်သာရဖြစ်သော အကြောင်းပြချက်များ ဂဃနဏ မပါဝင်ပဲ အပေါ်ယံ/ ယေဘူယျအချက်များဖြင့် တိုနိုင်သမျှ အတိုချုံးခြင်းမျိုးလည်း ဖြစ်မနေသင့်ပါ။)
- ➢ ထူးခြားသောရှာဖွေ့တွေ့ရှိချက်မဟုတ်သည့် အနည်းစုကိုယ်စားပြုသော၊ ယေဘူယျဆန်သော ဥပမာ-စီမံချက်အကြောင်း၊ ရွာအကြောင်း၊ ဖြေဆိုသူအကြောင်းစသော နောက်ခံအကြောင်းအရာများကို ထည့်သွင်းမရေးသားဖို့ လိုပါသည်။ မည်သည့်အကြောင်းအရာက အရေးကြီးသည်၊ မကြီးသည်ကို မိမိပြုလုပ်သော Project နှင့်အတွေ့အကြုံပေါ်မူတည်ပြီး (E.S) မှာ ထည့်၊ မထည့်ကို သေချာစွာ ဆုံးဖြတ်၍ ရေးသားရပါမည်။

ဥပမာ (E.S) - သားဆက်ခြားခြင်းဆိုတဲ့အဓိပ္ပါယ်က ကိုယ်ဝန်မရအောင် တားတာလို့ လူငယ်ယောကျာ်းလေးတွေရော၊ မိန်းကလေးတွေကပါ သဘောပေါက်ထားကြပါတယ်။ ယောကျာ်းလေးတွေက သားဆက်ခြား နည်းလမ်းတွေကို မိန်းကလေးတွေထက် ပိုသိတယ်။

("သားဆက်ခြားနည်းတစ်ခုချင်းစီ" ကို (E.S) မှာ ထပ်ရေးစရာမလိုပါ။ ဒီသုတေသနမှာ တခုချင်းစီ၊ တချက်ချင်းစီက အရေးမကြီးတဲ့အတွက် ဖြစ်ပါတယ်။ ဒါပေမယ့် Youth Friendly Clinics Study မှာ လူငယ်တွေသွားလာတတ်တဲ့နေရာ (Youth Space) တွေ ရေးတဲ့အခါ အဲဒီနေရာတခုချင်းစီတွေကို (E.S) မှာ ဖော်ပြပေးပါတယ်။ "သူငယ်ချင်းတွေနဲ့ ပန်းခြံ၊ ဘီယာဆိုင်၊ ဘိလိယက်ခုံ၊ ကာရာအိုကေစသဖြင့်နေရာတွေကို လူငယ်အများစုက သွားတတ်တယ်။" စသဖြင့်ဖော်ပြပေးရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအချက်တွေက သုတေသနဦးတည်ချက်ထဲက ဖွင့်မယ့်ဆေးခန်းနဲ့ တိုက်ရိုက်ဆက်စပ်ပြီး အရေးကြီးနေလို့ပါ။)

- ❖ Main Findings မှ အချက်များကို ပြန်သုံးသပ်ပြီးရေးသားရန်။ E.S တွင် အချို့သောတွေ့ရှိချက်များအတွက် အရေးမကြီးသော အကြောင်းပြချက်အများအပြား ရေးပြနေရန် မလိုအပ်ပဲ၊ အဓိက အကြောင်းပြချက်များသာ ပါဝင်နေစေရပါမည်။ မိမိတွေ့ရှိချက်ထဲမှ ခေါင်းစဥ်နဲ့ သုတေသနဦးတည်ချက်အပေါ် မူတည်ပြီး ချိန်ဆ၊ ထုတ်နှုတ်ရေးသားရပါမည်။

ဥပမာ (၁) - အဓိကရှာဖွေတွေ့ရှိချက်တွင် – "ဆင်းရဲတဲ့အိမ်ထောင်ရှင်မ အများစုဟာ မနက်ခင်းတိုင်း ဈေးသွားကြပါသည်။"

က) အတိုချုံးဆိုပေမယ့် ဤနေရာတွင် အကြောင်းပြချက်များပါဝင်သော တွေ့ရှိချက်လည်း မဟုတ်သေးပဲ၊ ယေဘူယျသဘောသာ ရှိနေသေးပါသည်။ ရေခဲသေတ္တာမဝယ်နိုင်သောသူများ ဖြစ်နိုင်ပါသည်။ [ဈေးသွားရတာ အလေ့အကျင့်ဖြစ်နေ၊ ပျော်နေ (သူငယ်ချင်းတွေနဲ့စကားပြောကြ၊ စားသောက်ကြ) စသဖြင့် ယေဘူယျအကြောင်းပြချက်များလည်း တွေ့ရှိချက်များတွင် ပါလာနိုင်ပါသည်။]

ခ) တွေ့ရှိချက်ထဲမှ ပါဝင်သောအကြောင်းပြချက်များကို သေချာစွာဖတ်ရှုပြီး၊ "ဖြေဆိုသူမိသားစုများသည် လက်လုပ်လက်စားများဖြစ်ကြပြီး၊ အစားအသောက်များကို ၂/ ၃ ရက်စာလောက် ဝယ်ယူထားနိုင်ဖို့ ငွေကြေး မတတ်နိုင်ကြပါ။

ဥပမာ (၂) - **"တီဘီရောဂါသည်တွေရှိတဲ့အိမ်ဆို ကလေးတွေကို မိဘတွေက အိမ်လည်ခွင့် မပြုကြပါဘူး။" / "ရောဂါရှိနေတဲ့ဈေးသည်တွေက သူတို့ရောဂါရှိနေတာကို လျှို့ဝှက်ထားကြပါတယ်။"**

က) တီဘီရောဂါဆိုတာ အဆုပ်ရောဂါဟု ဖြေဆိုသူများက သိရှိကြပြီး၊ ချောင်းဆိုး၊ နှာချေခြင်းကနေတဆင့် ကူးစက်တတ်တဲ့ ရောဂါဆိုပြီး၊ တီဘီရောဂါနဲ့ပတ်သတ်တဲ့ ဗဟုသုတတွေ ရှိကြပါတယ်။ ဒါကြောင့်မို့ တီဘီရောဂါရှိတဲ့ အိမ်တွေဆို မိဘတွေက သူတို့ကလေးတွေကို အိမ်လည် မလွှတ်ကြပါဘူး။

ခ) ဈေးသည်တွေက သူတို့မှာ ဒီရောဂါရှိနေတာကို လျှို့ဝှက်ထားတတ်ကြပါတယ်။ သူတို့မှာ တီဘီရောဂါရှိနေတယ်ဆိုတာကို လူတွေက သိသွားရင် သူတို့ဆီက ကုန်ပစ္စည်းတွေ မဝယ်ကြတော့ဘူးလို့ တီဘီရောဂါဖြစ်နေတဲ့ လမ်းဘေးဈေးသည်တွေက ပြောကြားခဲ့ပါသည်။

## V. နိဂုံးချုပ်နှင့် အကြံပြုချက်များ ရေးသားခြင်း၊ (CONCLUSION AND RECOMMENDATIONS)

နိဂုံးချုပ် (Conclusion) သည်လည်း အရေးကြီးပြီး၊ သုတေသနလုပ်ခဲ့ရသည့်အကြောင်းရင်းများနှင့် သုတေသန ဦးတည်ချက် များအား ဖြေကြားပေးသည့်အပိုင်းဖြစ်ပြီး၊ အဓိကတွေ့ရှိချက်များကို အတိုချုံးဖော်ပြပေးရပါမည်။ အဓိပ္ပါယ် မပြတ်သားသော၊ သုတေသနဦးတည်ချက်များကို မဖြေရသေးသော (အကြောင်းပြချက် မခိုင်မာသော၊ ဦးတည်ချက်အတွက် အဖြေမဟုတ်သော) အကြောင်းများ၊ ဦးတည်ချက်များအတွက် တိုက်ရိုက်မဟုတ်သည့် တွေ့ရှိချက်များ ပါရှိ မနေသင့်ပါ။

အနာဂတ်ဆုံးဖြတ်ချက်ချရန်နှင့် (ပြဿနာ/ ဦးတည်ချက်များ) အဆုံးအဖြတ်ပေးရန်တို့အတွက် "နိဂုံးချုပ်" ကို ရေးသားရခြင်း ဖြစ်ပါသည်။ ထိုအချက်များအတွက် လုပ်သင့်/ မလုပ်သင့်၊ ကျိုးကြောင်းပြ တိုက်တွန်းခြင်းများဖြင့် ဖြေကြားပေးရန်နှင့် မည်သည့်အတွက် အကြံပြုချက်များပေးရခြင်း ဖြစ်ကြောင်းကို တွေ့ရှိချက် အကြောင်းအရာ အတိုချုံးများနှင့်တကွ ဖော်ပြပေးရပါမည်။ သို့မှသာ ဖတ်မည့်သူက မည်သည့်အတွက်ကြောင့် ဤသုတေသန ပြုလုပ်ချက်အရ ဒီအကြံပြုချက်ပေးရသည်ကို သိရှိလာပါမည်။ သို့သော် ၄င်းအချက်များသည်အကျဉ်းချုပ် ရေးသား ရာတွင် ပါဝင်ပြီးဖြစ်နေသော်လည်း အကျဉ်းချုပ် ရေးသားသကဲ့သို့ မဖော်ပြရန်၊ ဖြစ်မနေစေရန် အရေးကြီးပါသည်။

ယခုပြုလုပ်သော သုတေသနဦးတည်ချက်များအတိုင်း အဖြေရလာဒ်များရ၊ မရကို အဓိကဖော်ပြပေးသော အပိုင်းဖြစ်ပါသည်။

- ❖ "နိဂုံးချုပ်" တွင် ရေးသားမည့်အကြောင်းအရာများက သုတေသနဦးတည်ချက်များထဲမှ အချက် တစ်ချက် ချင်းစီအတွက် ဖြေကြားပေးရန် လုံးဝ မမေ့ပါနှင့်။ စုစည်းရေးသားထားသည့်တွေ့ရှိချက်များအပေါ် သုံးသပ်ချက်များ၊ မှန်မမှန်ကိုစွရပ်များ ကိုသာ (ဆွေးနွေး) ရေးသားရန်ဖြစ်ပြီး၊ မိမိ၏ ဗဟုသုတ အတွေ့အကြုံများနှင့် ခံစားချက်များပေါ်မူတည်ပြီး ဘက်လိုက် ရေးသားခြင်းမျိုးတော့ မပြုလုပ်သင့်ပါ။
- ❖ အဓိက အရေးကြီးသည်မှာ "နိဂုံးချုပ်" တွင် အစီရင်ခံစာတခုလုံးတွင် မပါဝင်သောအကြောင်းအရာ၊ **<u>တွေ့ရှိချက်အသစ်များ</u>** ပါဝင်မနေစေရန် ဖြစ်ပါသည်။
- ❖ "နိဂုံးချုပ်" သည် အဓိကတွေ့ရှိချက်များကို အကျဉ်းချုပ်ခြင်း၊ ထူးခြားချက်များကို ရှင်းပြရေးသားခြင်း ဖြစ်သောကြောင့် တိုတိုတုတ်တုတ်နှင့်ရှင်းရှင်းလင်းလင်းပဲ ရေးသားရပါမည်။ လေ့လာသည့် အကြောင်းအရာအတွက် ဆက်စပ်သည့်အချက်များကို ကျယ်ကျယ်ပြန့်ပြန့် (Broader Context) အချိတ်အဆက်မိမိ နားလည်နိုင်အောင် ရေးသားရပါမည်။
- ❖ ပိုမိုနက်နဲစွာ နားလည်နိုင်မည့် ပြတ်သား၊ ရှင်းလင်းသော အတွင်းကျကျသုံးသပ်ချက်များ (Clear Insights) ဖြင့် ရေးသားရပါမည်။
- ❖ အကြံပေးချက် (Recommendations) များ ရေးသားရာတွင်လည်း အဓိကရှာဖွေတွေ့ရှိချက်များနှင့် ကိုက်ညီသော အကြံပြုချက်များပဲဖြစ်ရပါမည်။ ဒီဟာမျိုးတွေပြောခဲ့၊ မြင်ကြလို့ ဒါမျိုးလုပ်သင့်ပါတယ်လို့ ရေးတာမျိုးကို "နိဂုံးချုပ်နှင့်အကြံပြုချက်များ" လို့ ယေဘူယျ အလွယ်ခေါ်ဆိုနိုင်ပါသည်။
- ❖ အချက်အလက်များကောက်ယူမှုပြီးပြီးချင်း၊ မိမိအဖွဲ့သားများဆီမှ အကြံပြုချက်များ (Feedback) ကို ရယူရန်၊ မိမိကိုယ်တိုင်လည်း မှတ်စုများကို ဖတ်နေရင်း အကြံပြုချက်များရလျှင် ရချင်း ရေးချထားရန် အရေးကြီးပါသည်။
- ❖ အကြံပေးချက်များသည် အလုပ်အပ်နှံသူ၏ပြဿနာများကို ဖြေရှင်းပေးသောအချက်များ ဖြစ်နေရပါမည်။ ထို့အပြင် အလုပ်အပ်နှံသူအတွက် မှန်ကန်၊ တိကျ၊ အသုံးဝင်သော အကြံပြုချက်များ လုံးဝဖြစ်ရပါမည်။

## သုတေသန အကြံပြုချက်အမျိုးအစားများ၊

သုတေသနလေ့လာမှုတခု၏အစီရင်ခံစာတွင် အောက်ပါ (၄) ချက်ထဲမှ အကြံပြုချက်အမျိုးအစားများဖြင့် ရေးသား တင်ပြပေးရပါမည်။ ပုံမှန်အားဖြင့် အကြံပြုချက် အမျိုးအစား (၁) နှင့် (၂) ပုံစံမျိုးကိုသာ ရေးသားလေ့ ရှိကြပါသည်။

**၁။ ဆွေးနွေးပွဲတွေမှာ ဖြေဆိုသူများ ပေးတဲ့ အကြံပြုချက်၊**

(သုတေသန ဦးတည်ချက်နဲ့ဆိုင်တာတွေပဲ အဓိက ယူမယ်။ လက်တွေ့ လုပ်လို့ရတာ/ လုပ်နိုင်တာ၊ မလုပ်နိုင်ထက် သူတို့ဖြေကြားခဲ့တာတွေကို ရေးရမယ်။)

**၂။ တွေ့ရှိချက်များကြောင့်ရရှိလာသည့်အကြံပြုရန်အချက်များ၊ (သုတေသီ၏ အကြံပြုချက်များ)**

(တွေ့ရှိချက်များကနေ သုတေသနဦးတည်ချက်များနဲ့ ကိုက်ညီတဲ့အကြံပြုချက်များအဖြစ် စဥ်းစားရေးချရပါမည်။ ဘယ်အကြံပြုချက်မျိုးဖြစ်ဖြစ် ဦးတည်ချက်များနဲ့သွေဖယ်မသွားပဲ၊ အသုံးတည့်မယ်၊ လုပ်လို့ရမယ်၊ ဆက်စပ်သည့်၊ အကောင်အထည်ဖော်လို့ရမည့်အချက်များ အကုန် ထည့်ရေးပေးရပါမယ်။)

ဥပမာ-"အချိုရည်အမှတ်တံဆိပ်တခု၏ထုတ်ပိုးမှုနှင့် ထိုအမှတ်တံဆိပ်အပေါ် သုံးစွဲသူများ၏အမြင်" ကို လေ့လာ ရာတွင် "အဲ့အချိုရည်ရဲ့အနံ့ကို မကြိုက်ဖူး၊ ပြောင်းသင့်တယ်" လို့ဆိုတာမျိုးကို တွေ့ရှိချက်များတွင် ထည့်ရေးနိုင် သော်လည်း အကြံပြုချက်များတွင် "အနံ့၊ အရသာပြောင်းထုတ်လုပ်သင့်သည်" ဆိုတာမျိုးလောက်သာ ရေးသင့်ပြီး၊ အလုပ်အပ်နှံသူအနေဖြင့် ထိုအကြံပြုချက်အတိုင်း အနံ့၊ အရသာထုတ်လုပ်ဖို့ဆိုတာ မလွယ်ကူနိုင်ပါ။

**၃။ သုတေသီရဲ့ မှန်းဆ၊ ဆက်စပ်ထားသော အကြံပြုရန်အချက်အလက်များ၊**

(ပြဿနာတော့ ရှိတယ်၊ လွဲချော်နိုင်တယ်။ သုတေသနဦးတည်ချက်ဘောင်ထဲမှာ တိုက်ရိုက်အကျိုးမဝင်ပေမယ့် နောင်အနာဂတ်လုပ်မယ့်အစီအစဥ်တွေအတွက် အသုံးတည့်နိုင်တာမို့ တချို့ အလုပ်အပ်နှံသူတွေက အဲဒါကို ကြိုက်တယ်။ အလုပ်အပ်နှံသူရဲ့ ကျွမ်းကျင်မှု၊ လည်ဝယ်မှုပေါ်နဲ့ သုတေသီရဲ့ဆွေးနွေးမှု၊ အကြောင်းပြချက် ခိုင်မာမှု၊ လက်တွေ့အကောင်အထည်ဖော်လာနိုင်ခြေရှိမှု တို့အပေါ်မှာ မူတည်တယ်။)

**၄။ အကြောင်းအရာ၊ ဦးတည်ချက်များ ဆင်တူသော ယခင်လေ့လာခဲ့သည့် သုတေသနများ၏ အကြံပြုချက်များ၊**

(သက်ဆိုင်သည့်အခြားအစီရင်ခံစာများကို ရှာဖွေ၊ ဖတ်ရှုပြီး ဆက်စပ်သော အကြံပြုချက်များနှင့် ခေတ်စနစ်နှင့် ညီသော အသုံးတည့်မည့်အကြံပြုချက်များကို ရယူအကြံပြုရပါမည်။)

## Conclusion and Recommendations (ဥပမာ)

တွေ့ရှိချက်များထဲမှ တပိုဒ်ချင်းစီမှ တချက်ချင်းစီအလိုက် နိဂုံးချုပ်အဖြစ် အတိုချုံး စုစည်းရေးသားပြီး၊ အကြံပြုချက်များကို ရေးသားရပါသည်။

**ဥပမာ -**

**Conclusion (ဥပမာ) – "Card Game with Behavior Change Communicator Study"**

- ကစားနည်းရဲ့စည်းမျဉ်းများကို လုပ်ဆောင်ထားခြင်းနှင့်လိုက်နာခြင်းများသည် ပါဝင်ဆွေးနွေးသူများ၏ ကစားနည်းအပေါ် အပြည့်အဝပါဝင်လာမှုကို ရရှိလာစေတဲ့အရေးပါလှသော အကြောင်းရင်းဖြစ်ပါသည်။ ပြီးတော့ ဒါဟာ ဒီကဒ်ကစားနည်းရဲ့အောင်မြင်မှုကို လုပ်ဆောင်နိုင်တာပါ။ အကယ်၍ စည်းမျဉ်းများကို မလိုက်နာခဲ့လျှင် ဆွေးနွေးသူများအနေနဲ့ ကစားနည်းဘယ်လိုကစားရမယ်ဆိုတာကို ရှုပ်ထွေးစေပါတယ်။ ဒါဟာ သူတို့ရဲ့ ပါဝင်ဆောင်ရွက်မှုအဆင့်တွေကို တိုက်ရိုက်သက်ရောက်မှု ရှိပါတယ်။ စည်းမျဉ်းတွေကို အစပိုင်းမှာ ရှင်းရှင်းလင်းလင်း ဖော်ပြထားတဲ့အခါမှာ ဆွေးနွေးသူတွေရဲ့ စိတ်အားထက်သန်မှုအဆင့်တွေဟာ ဖြည်းဖြည်းမှန်မှန် တိုးလာပါတယ်လို့ သုတေသနလုပ်ဆောင်မှုက ပြသနေပါတယ်။ ဘာကြောင့်လဲ ဆိုတော့ အမူအကျင့်ပြောင်းလဲမှု ပညာပေးလုပ်သားတွေရဲ့ ပြောကြားချက်တွေကို သူတို့ရဲ့ကိုယ်ပိုင် အတွေ့အကြုံတွေနဲ့ဆက်စပ်ပြီး၊ ဘယ်လို၊ ဘယ်အချိန်အခါမှာ လုပ်ရမလဲဆိုတာကို နားလည်ကြပါတယ်။

**Recommendations (ဥပမာ)**

- ကစားနည်းတသမတ်တည်းဖြစ်ဖို့ စည်းမျဉ်းတစ်ချို့ကို ပုံသေပြုလုပ်ထားရန်၊
- ကတ်ကစားနည်း စတင်ရန် လုပ်ဆောင်သောစည်းမျဉ်းများကို ဦးစားပေးပြီး၊ ရှင်းလင်းစွာ ဖော်ပြပေးရန်၊

## VI. အဓိက ရှာဖွေတွေ့ရှိချက်များ (MAIN FINDINGS) ရေးသားခြင်း၊

အရည်အသွေးနှင့်ဆိုင်သောသုတေသန၏ အဓိကကျသည့်အချက်များအရ အကြောင်းပြချက်များ၊ အချက်အလက်များ များများစားစား၊ ခိုင်လုံစွာရရှိဖို့မေးမြန်းထားသည့် မှတ်စုများ၊ Overview များ၊ Transcript များကို ဖတ်ရှုပြီး အစဦးပိုင်းတွင် ဖော်ပြခဲ့သည့်အတိုင်း တူရာအချက်များ စုစည်းရေးသားခြင်း၊ အနည်းစုနှင့်အများစု၊ တူညီမှု၊ မတူညီမှုများကို ပိုင်းခြားရေးသားခြင်း၊ ထူးခြားချက်များကို ပေါ်လွင်အောင် ရေးသားခြင်းနှင့် နှိုင်းယှဥ်ရေးသားခြင်းများဖြင့် အဓိကရှာဖွေတွေ့ရှိချက်များကို ရှုထောင့်ပေါင်းစုံမှ ပြည့်စုံစွာ ရေးသားဖော်ပြရပါမည်။

"အဓိကရှာဖွေတွေ့ရှိချက်များ" စတင်ရေးသားရာတွင် ရေးသားမှု မှု (၂) မျိုးကွဲပြားစွာ ရေးသားတတ်ကြပါသေးသည်။ အချို့က တွေ့ရှိချက်များ (Findings Text) ကို ရေးသားပြီးနောက် တိုက်ရိုက်ပြောကြားထားသည့် ကိုးကားသည့်စကားများ (Quotations) ကို အောက်တွင် ရေးသားပြီး၊ အချို့က ဖတ်ရှုထားသည့် (Quotations) များကို အရင်ရေးသားပြီးမှ တွေ့ရှိချက်များ (Text) ကို သုံးသပ်ရေးသားကြပါသည်။

သုတေသနပြုလုပ်မှုတစ်ခုလုံး၏ အသေးစိတ်အချက်အလက်များကို တတ်နိုင်သမျှယေဘုယျမဆန်သည့် ခိုင်လုံသော အကြောင်းပြချက်များနှင့်တကွ Main Findings တွင် ရေးသားပါဝင်နေစေရပါမည်။ အကယ်၍ Executive Summary နှင့် Conclusion & Recommendations တို့တွင် မရှင်းလင်းသည်များရှိပါက (သို့) ထပ်မံ၍ အသေးစိတ် သိရှိလိုပါက Main Findings တွင် ဖတ်ရှုနိုင်ပါသည်။ တွေ့ရှိချက်များ၊ နှိုင်းယှဥ်ချက်များ၊ အကြောင်းပြချက်များနှင့် ၎င်းတို့ကို တိုက်ရိုက် ကိုးကားပြသော တိုက်ရိုက်ပြောစကားများ၊ အခြားကောက်ယူခဲ့သော အချက်အလက်များ ပါဝင်နေပါမည်။

သုတေသန ပြုလုပ်သူ/ အစီရင်ခံစာ ရေးသားသူက အလုပ်အပ်နှံသူ/ သုတေသနဦးတည်ချက်များအတွက် ဖြေကြားပေးသော တွေ့ရှိချက်စာပိုဒ်များ၊ ဆက်စပ်အသုံးတည့်သည့်တွေ့ရှိချက်များကို ပေါ်လွင်စေရန်၊ ကျန်မနေခဲ့စေရန် ပြည့်စုံထင်ရှားစွာ စုစည်းရေးသားပေးရပါမည်။ အဓိကတွေ့ရှိချက်များတွင် ဖြေဆိုသူများ၏ ပြောကြားချက်များ (ထင်မြင်ချက်၊ အတွေ့အကြုံများ၊ ခံစားချက်များ) ကို (မိမိကိုယ်ပိုင်ခံစားချက်၊ ယုံကြည်ချက်များဖြင့်) အဆုံးအဖြတ်ပေးရေးသားခြင်းမျိုး ဤနေရာတွင် (လုံး၀) မပြုလုပ်၊ မရေးသားရပါ။

ဆွေးနွေးပွဲများပြုလုပ်စဥ် (Fieldwork Data Collection) တလျှောက်လုံးတွင် ကြည့်ရှု၊ နားထောင်ပြီး ဖြေဆိုသူများ၏ ဖြေကြားချက်များ (ဥပမာ - တံဆိပ်အမည်ကို စမ်းသပ်လျှင် - ချက်ချင်းဖြေသည်၊ အသံထွက်တတ်မတတ်၊ မည်သို့အသံထွက်သည်၊ အများစု၊ အနည်းစု၊ တဦးထဲက ဖြေသည်စသဖြင့်) ကို သေချာစွာ မှတ်သားထားခဲ့ရပြီး၊ အစီရင်ခံစာ၏အဓိကရှာဖွေတွေ့ရှိချက်တွင် ထင်ရှားစွာ ရေးသားရပါမည်။

အစီရင်ခံစာတခုရေးသားရန် (အထူးသဖြင့် Main Findings ရေးသားရန်) အောက်ဖော်ပြပါ အဆင့်များ (အချက်များ) အလိုက် လုပ်ကိုင်ဆောင်ရွက် ရေးသားသင့်ပါသည်။

### (၁) ခေါင်းစဥ်များ/ Report Structure အကြမ်းပြုလုပ်ခြင်း၊

- ❖ ဆွေးနွေးပွဲလမ်းညွှန် (DG) ပေါ်မူတည်၍ ပထမဆုံး ခေါင်းစဥ်များ/ Report Structure အကြမ်းပြုလုပ်ရန် လိုအပ်ပါသည်။
- ❖ ခေါင်းစဥ်များ/ Report Structure တည်ဆောက်ရာတွင် တခါထဲနှင့် ခေါင်းစဥ်များသည် ပုံသေဖြစ်မနေသေးပါ။ Report Structure ခေါင်းစဥ်များသည် အကြောင်းအရာအပေါ်မူတည်၍ ရှေ့နောက်

လိုသလို (အတွေ့အကြုံအပေါ် မူတည်၍/ အဓိကသုတေသန အကြောင်းအရာ/ ဦးတည်ချက် ပေါ်မူတည်၍) ရွေးရပါမည်။ ခေါင်းစဥ်များကို လိုအပ်သလို ပြန်ပြင်ရေးသားခြင်း၊ ခေါင်းစဥ်များကို ခွဲခြားပစ်ပြီး ထိုခေါင်းစဥ်အသစ်များအောက်တွင် သက်ဆိုင်ရာတွေ့ရှိချက်စာပိုဒ် (Text) များကို ထည့်သွင်းရပါမည်။

❖ ခေါင်းစဥ်များ/ Report Structure အောက်တွင် တွေ့ရှိချက် စာပိုဒ်များထည့်သွင်းရေးသားရင်း ထိုခေါင်းစဥ်နှင့် ဆက်စပ်သည့်အကြောင်းအရာများသည် နောက်ခေါင်းစဥ်များနှင့် မတူညီနေရန် သတိပြု ရေးသားရပါမည်။ သို့မဟုတ်ပါက အကြောင်းအရာများသည် ဟိုဖက်ပါ၊ ဒီဖက်ပါ ဖြစ်နေပါမည်။

❖ သုတေသနအဓိက တွေ့ရှိချက်များ - နမူနာ ခေါင်းစဥ်များ (Findings Titles) နှင့် ပါဝင်သည့် အဓိကအကြောင်းအရာများ နမူနာ –

နမူနာ (၁)

- (အလုပ်အပ်နှံသည့်) အဖွဲ့အစည်းမှ ထောက်ပံ့မှုများ၊
  - ❖ အဖွဲ့အစည်းမှ လမ်းညွှန်ချက်များနှင့် ထောက်ပံ့ပေးအပ်သည့် ပစ္စည်းများ
  - ❖ အခြား စီမံချက်များမှ ထောက်ပံ့ပေးအပ်ထားသည့် ပစ္စည်းများ
  - ❖ စနစ်တကျ သေချာစွာ စွန့်ပစ်မှု ရှိ၊ မရှိ။
- စိုးရိမ်ပူပန်မှုများ
- အခက်အခဲများ
- အခက်အခဲများကို ကျော်လွှားနေမှု နှင့် ဖြေရှင်းရန် အကြံပြုချက်များ
- စွန့်ပစ်ပစ္စည်းများ လျှော့ချခြင်း
- စွန့်ပစ် ပစ္စည်းများ ကိုင်တွယ်ပုံ၊ ရောက်ရှိပုံ ကွဲပြားခြားနားချက်များ
- ရောင်းချရာတွင်ပါလာသည့် ပစ္စည်းများ၊ ဝယ်ယူရာတွင် ပါလာသည့် ပစ္စည်းများ၊
- စွန့်ပစ်မှု ပုံစံ အဆင့်ဆင့်
  - ✓ အသုံးပြုပြီး ---- ပစ္စည်းများ (မရောင်းပဲ) စွန့်ပစ်သည့် နေရာများ။
- အန္တရာယ်ရှိမှု အခြေအနေပြ နေရာများ၊
- အန္တရာယ်ရှိမှုကို လျှော့ချခြင်း၊
- ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း၊
  - ✓ ပြန်လည် သန့်စင်ပြီး ရောင်းချသော ကုန်ကြမ်းပစ္စည်းများ၊
  - ✓ စွန့်ပစ် ပစ္စည်းများဖြင့် ကုန်ချောအဖြစ်ထုတ်လုပ်သည့် ပစ္စည်းများ၊
  - ✓ ဆေးကြော/ သန့်စင်ခြင်း/ ပိုးသတ်သန့်စင်ခြင်း
  - ✓ ဈေးနှုန်း
- စွန့်ပစ်ပစ္စည်းများ ကိုင်တွယ်ပုံအဆင့်ဆင့်
  - ✓ အလုပ်ရုံတွင် ပလပ်စတစ်ပစ္စည်းများ ပြုလုပ်ပုံ အဆင့်ဆင့်

နမူနာ (၂) - နို့စို့ကလေးများအတွက် နို့မှုန့်များအပေါ်ထားရှိသော အမြင်များကို လေ့လာခြင်း၊

- နို့မှုန့်မတိုက်သင့်ကြောင်း ဆရာဝန် (ကလေးအထူးကု) များ၏ အမြင်၊
  - ✓ မိခင်များ ကလေးနို့တိုက်မရခြင်းအကြောင်း၊ (ပထမဆုံးနို့တိုက်ရာမှာ ပြဿနာ ဖြစ်နေခြင်း၊ နို့ထွက်နည်းပေမယ့်ကလေးအတွက် လုံလောက်ပြီးအာဟာရဖြစ်တာ၊ နို့ထွက်နည်းတာနဲ့တိုက်တဲ့အခါပြဿနာတွေဟာ မိခင်ဆန္ဒ စသဖြင့်အကြောင်းများ)

- ✓ နို့မှုန့်တိုက်တဲ့မိခင်တွေဟာ နို့ဘယ်လိုတိုက်ရမယ်ဆိုတဲ့ ဗဟုသုတနည်းပါးတာနဲ့ နောက်ပိုင်း နို့မထွက်တော့တာတွေ စသဖြင့်)
- ✓ နို့မှုန့်တိုက်နေရတာဟာ မိခင်နို့စတိုက်ချိန်ရဲ့ပြဿနာကို ဖြေရှင်းဖို့ ဖြစ်တယ်လို့မြင်တာ၊ နက်စ်မတွေက စ တိုက်ကျွေးခိုင်းတာ၊ ကလေးမမွေးခင်ကတည်းက နို့မှုန့်ကို ယူလာပြီးဖြစ်တယ်ဆိုတာတွေ စသဖြင့်
- ✓ နို့မှုန့်တိုက်တာဟာ ဂုဏ်ရှိတယ်။ ရပ်ကွက်ထဲမှာလည်း ငွေကုန်ခံနိုင်တဲ့ စီးပွားရေး ကောင်းတဲ့သူတွေအဖြစ် မြင်ကြဖို့လို့ စသဖြင့်
- ✓ နို့မှုန့်ကို ဗူးနဲ့တိုက်တာထက် နို့မှုန့်ကို ဇွန်းနဲ့တိုက်တာ ပိုကောင်းတယ်လို့မြင်ကြတာ၊ ဇွန်းက သန့်ရှင်းရလွယ်တာနဲ့ မိခင်နို့သီးခေါင်းကြောက်တာကိုလည်း ရှောင်လွှဲနိုင် စသဖြင့်

- ▪ နို့မှုန့် စတင်တိုက်ကျွေးမှု၊
  - ✓ နို့မှုန့်ကို မွေးတဲ့နေရာမှာ စတင်တိုက်တယ်၊ ဆေးရုံ၊ ဆေးခန်းတွေမှာ စတိုက်ဖြစ်တယ်၊ အစိုးရဆေးရုံမှာမွေးတဲ့မိခင်တွေက နို့မှုန့်ကို ခိုးတိုက်ကြတာများတယ်။
  - ✓ အလုပ်လုပ်နေတဲ့ကလေးမိခင်တွေကတော့ ကလေးကိုမိခင်တို့ အကြိမ်နည်းနည်း တိုက်ပြီးတာနဲ့ စပြီး နို့မှုန့်တိုက်ကြတယ်။ သူတို့ရဲ့ မီးဖွားခွင့်မကုန်ခင် စတိုက်ကြတဲ့ အလေ့အကျင့်တွေ ရှိကြတယ်။
- ▪ နို့မှုန့်အပေါ် မိခင်များ၏ အမြင်များ၊
  - ✓ နို့မှုန့်က ကလေးဉာဏ်ကောင်းစေပြီး ခန္ဓာကိုယ်ဖွံ့ဖြိုးစေတယ်၊ ကလေးဉာဏ် ကောင်းတယ်ဆိုတာ ပါးနပ်တယ်၊ ထက်မြတ်တယ်၊ အလွယ်တကူ လေ့လာသင်ယူ နိုင်တယ်ဆိုတဲ့လက္ခဏာတွေဖြစ်တယ်၊ ဥပမာတွေ ပုံပြင်တွေပြန်ပြောနိုင်တာ၊ သီချင်း ကြားတာနဲ့ပြန်ဆိုပြနိုင်တာတွေက ဦးနှောက်ဖွံ့ဖြိုးတိုးတက်မှုလို့မြင်ကြတယ် စသဖြင့်
  - ✓ နို့မှုန့်တိုက်တာက ကလေးခန္ဓာကိုယ်ဖွံ့ဖြိုးစေပြီး ရောဂါ မဝင်စေဘူး၊ စသဖြင့်

ခေါင်းစဥ်များကို သေချာစဥ်းစား ပေးပြီးပါက၊ ထိုခေါင်းစဥ်များအောက်တွင် ပါဝင်နိုင်သည့်အကြောင်းအရာ အချက်အလက်အတိုများ (points) စဥ်းစားနိုင်သလောက်၊ ဖတ်ရှုမှတ်သားထားနိုင်သလောက်များများ ရေးသားထားရပါမည်။ မိမိလေ့လာသောသုတေသနအကြောင်းအရာ၊ ဦးတည်ချက်ပေါ်မူတည်ပြီး ခေါင်းစဥ်အတိုလေးများကို ရေးသားရပါမည်။ လွယ်ကူစေရန် ခေါင်းစဥ်/ အချက်အလက်အတိုလေးများ ရေးသားထားပြီးမှသာ ခေါင်းစဥ် အပြည့်အစုံ ရေးသားပါ။ ဥပမာ - ကုန်ပစ္စည်းနှင့်ဆိုင်သောသုတေသနတွင် များသောအားဖြင့် သတိထားရမည့် ခေါင်းစဥ်များနှင့် အချက်အလက်အတိုလေးများမှာ –

(A) **Perception** (End-users/ Doctors'/ Retailer), Brand Choice, Brand Switching, Side-effect, Effectiveness, Advertising and Promotion, Etc.

(B) **Pre-Testing Study -** Categories - (Like, Dislike, Occasions and Benefits, buying pattern)

Brands - (Like, Dislike, Occasions and Benefits, buying pattern)

**Evaluation (Pre-testing – Concept/ Pamphlet/ TVC/Etc.) –** TOM, Like and Dislike, Relevant, Uniqueness, Credibility, Price, Area of Improvement, Voting (choose the best/ prefer one)

## (၂) မှတ်စုများ၊ Overview/ Transcripts များ ဖတ်ရှုခြင်း၊

- ❖ မှတ်စုများ၊ Overview/ Transcripts များကို မိမိလိုချင်သည့်ပုံစံအတိုင်း ဆွေးနွေးပွဲများ မပြုလုပ်ခင်ကတည်းက (အထူးသဖြင့် မိမိမှတ်စုများ၊ Overview များ) ကြိုတင်ပြုလုပ်ပြီး တွေ့ရှိချက်များ၊ ထူးခြားချက်များ၊ ချက်ချင်းဖြေကြားသည့်အကြောင်းအရာများ စသဖြင့် ရေးမှတ်ထားရပါမည်။ သို့မှသာ အစီရင်ခံစာ ရေးသားရန် ဖတ်ရှုရာတွင် ပိုမိုအဆင်ပြေစေပါမည်။
- ❖ အထူးမှတ်ရန်မှာ **"ကုန်ပစ္စည်းအမည်"** စမ်းသပ်ခြင်းကဲ့သို့ လေ့လာမှုတွင် ဖြေဆိုသူ/ ဦးတည် အုပ်စုများက ထိုစမ်းသပ်အမည်ကို ဖတ်နိုင်၊ အသံထွက်နိုင်၊ အသံထွက်မှန်မမှန်၊ ထိုအမည်နှင့်ဆက်စပ်မှုများကို ဖြေကြားမှုများသည် ဆွေးနွေးပွဲများတွင် မှတ်စုရေးသူ (သို့) အစီရင်ခံစာရေးသားသူကိုယ်တိုင် သေချာမှတ်သားထားပါမှ ရေးသားရာတွင် ပြည့်စုံနိုင်ပါမည်။ Brand Segmentation ပြုလုပ်ရာတွင်လည်း ကုန်ပစ္စည်း (အမှတ်တံဆိပ်) များကို အဖွဲ့လေးများ (grouping) စုခိုင်းခြင်းများ ပြုလုပ်လေ့ရှိပါသည်။ ထိုသို့ပြုလုပ်ရာတွင် မေးမြန်းသူက တံဆိပ်အမည်များကို သူ့ group နှင့်သူ၊ group အမည်များ ပေးပြီးနောက်၊ တံဆိပ်တခုချင်းအလိုက် တံဆိပ်အမည်များ ခေါ်ပေးခြင်းက မှတ်စုများ/ အစီရင်ခံစာ ရေးသားရာတွင် မှတ်မိသိရှိနေစေပြီး၊ ဆုံးဖြတ်ရေးသားရန် အထောက်အကူဖြစ်ပါမည်။ (ဥပမာ- ဘီယာပုလင်းများ ချပေးထားပြီး ဖြေဆိုသူများကို သူတို့ဖာသာတိုင်ပင်စေကာ အုပ်စုလေးများ စုခိုင်းပါသည်။ ထို့နောက် ၄င်းတို့က အုပ်စုအမည်-ဥပမာ "အရောင်းရဆုံးအုပ်စု"တွင် ပါဝင်သောအမှတ်တံဆိပ်များကို မေးမြန်းသူမှ တခုချင်းပြောခိုင်းခြင်းဖြစ်ပါသည်။ ထို့နောက် ဒုတိယအုပ်စု၏အမည်ကိုထပ်ပြောခိုင်းပြီး ထိုအုပ်စုမှ ဘီယာတံဆိပ်များကို ပြောခိုင်းပါသည်။ ဥပမာ- group တခုစီမှ အမှတ်တံဆိပ်များကို "ဟိုဟာလေး၊ ဒီဟာလေးတွေက ဒီအုပ်စုနော်" ကဲ့သို့ပြောဆိုမေးမြန်းခဲ့ပါက မသိနိုင်တော့ပါ။ "ဒီအုပ်စုထဲမှာ Heineken, Kirin, Carlsberg, Corona တွေပါတယ်နော်" "နောက်အုပ်စုကရော…ပြောပေးပါဦး။" ဟု အမည်များခေါ်ဆိုမေးမြန်းရပါမည်။) အကယ်၍ မေးမြန်းနေခဲ့ချိန်တွင် တံဆိပ်အမည်များ မခေါ်ခဲ့ပါက၊ မမှတ်ခဲ့ပါက အသံသွင်းထားရာ၌လည်း မပါဝင်တော့လို့ အမှတ်တံဆိပ်များအလိုက် မသိရှိနိုင်တော့ပါ။
- ❖ မှတ်စုများ၊ Overview/ Transcripts များကို ထပ်ကာထပ်ကာ ဖတ်ရှုရန် လိုအပ်ပါသည်။
- ❖ မှတ်စုများ၊ Overview များသာ ရေးလျှင်၊ အားလုံးကို သေချာပြန်ဖတ်ရန် (Recording ပြုလုပ်ပါက Transcript များရေးသားရန်နှင့်ဖတ်ရှုရန်။ လိုအပ်လျှင် ကတ်ဆက်ခွေ/ ဗီဒီယို (သို့) အသံသွင်းဖိုင် များကို ပြန်နားထောင်၊ ပြန်ကြည့်ရန်) လိုအပ်ပါသည်။
- ❖ (Recording ပြုလုပ်ပါက) Transcript ထဲမှ အဓိကရှာဖွေတွေ့ရှိချက်များကို Analysis လုပ်ရန်၊ Report Structure ထဲမှ အချက်များအတိုင်း Code များပေးခြင်း၊ High-lighter များဖြင့် မျဉ်းသားခြင်း စသဖြင့် အနည်းစုက ပြောတာလား၊ အများစုလား သဘောထားလား၊ ထူးခြားချက်များလား ဆိုသည်တို့ကို ပိုင်းခြားပြီး အကြမ်းတွင် မှတ်သားခြင်း (သို့) ကွန်ပျူတာဖြင့် တခါထဲ အကြမ်းရေးမှတ်ခြင်းများ (သို့) တွေ့ရှိချက်တွင် တခါထဲရေးသားခြင်းများ ပြုလုပ်ရပါမည်။

## (၃) အချက်အလက်များစုစည်းခြင်း၊ ဖတ်ရှု မှတ်သားခြင်း၊

**<u>အများစု၊ တူညီမှု၊ ကွဲပြားမှု၊ ထင်ရှားနေသည့် တွေ့ရှိချက်များ ခွဲခြားရေးသားရန်ပြင်ဆင်ခြင်း၊</u>**

- ❖ တူညီသောရှာဖွေတွေ့ရှိချက်များ၊ အများစုပြောသော အကြောင်းအရာများ၊ တူညီ၍ (ထင်ရှားသော) Significant ဖြစ်သော အရာများ၊ Objectives နှင့်ကိုက်ညီသော အဓိက အချက်များအားလုံးကို ခိုင်လုံသော အကြောင်းပြချက်များဖြင့် စုစည်းပြီး၊ သက်ဆိုင်ရာခေါင်းစဥ်များအောက်တွင် တပိုဒ်စီ ရေးသားရပါမည်။ (အများစု၊ အနည်းစုရေးရာတွင် လိုအပ်ပါက တချို့အချက်များသည် ထင်ရှားပါက (Significant ဖြစ်ပါက) သီးသန့်တွေ့ရှိချက် တပိုဒ်အဖြစ် ရေးသားသင့်ပါသည်။
- ❖ ဆန့်ကျင်ဖက် အမြင်များကို ရေးသားသည့်အခါ တွေ့ရှိချက်တပိုဒ်ထဲတွင် အတူတူထည့်သွင်း ရေးသားခြင်းသည် သုတေသနပြုလုပ်သည့်ခေါင်းစဥ်၊ ဦးတည်ချက်ကိစ္စများကို ရှင်းလင်းစေပြီး၊ ခိုင်လုံသောအကြောင်းပြချက်များဖြင့် မြင်သာထင်ရှားစေပါသည်။
- ❖ အနည်းစုပြောသော ထင်ရှားသောအချက်များ (Objectives နှင့် ကိုက်ညီသောအချက်များ) ကိုလည်း လိုအပ်သလို ထည့်သွင်းရေးသားရပါမည်။
- ❖ ခေါင်းစဥ်တစ်ခုအောက်တွင် ၎င်းနှင့်ကိုက်ညီသော၊ ပါဝင်သင့်သောအချက်များကို အရင်ရေးပါ။ ပြီးမှ တခြားခေါင်းစဥ်တစ်ခု အတွက် အကြောင်းအရာများကို ဆက်ရေးပါ။ ထို့နောက် ပထမခေါင်းစဥ်များနှင့် ကိုက်ညီသည့်တွေ့ရှိချက်အသစ်များ ထပ်မံတွေ့ရှိပါက ထပ်မံထည့်သွင်းရေးသားပါ။ ခေါင်းစဥ်ပြောင်းဖို့ လိုအပ်လျှင် သက်ဆိုင်ရာတွေ့ရှိချက်များ၊ Quotes များနှင့်ကိုက်ညီသည့် ခေါင်းစဥ်များအောက် (သို့) ခေါင်းစဥ်အသစ် ခွဲပြီး ပြောင်းရွှေ့ပေးရပါမည်။
- ❖ ခေါင်းစဥ်များ (Report Structure) ပြုလုပ်ရာတွင် ပါဝင်မည့်တွေ့ရှိချက်များ (အနည်းဆုံး ကွဲပြားသော အကြောင်းအရာများ) ကို အပိုဒ်များမတူညီစေရန် သတိပြုပြီး၊ ရွေးချယ်ရေးသားရပါမည်။ သတိမထားမိပါက အကြောင်းအရာ တွေ့ရှိချက်များက အရှေ့ဘက်ခေါင်းစဥ်အောက်တွင် ပါဝင်သလို၊ အနောက်ဘက်ရှိ ခေါင်းစဥ် အောက်များတွင်လည်း ပါဝင်နေပါမည်။ ထို့ကြောင့်တွေ့ရှိချက်များကို အထောက်အပံ့ပေးသော ကိုးကားချက်များ (Quotes) ကလည်း ထပ်ကာထပ်ကာပါရှိနေပါမည်ကို သတိပြုရေးသားပါ။
- ❖ Text များ ရေးသားရာတွင် တွေ့ရှိချက်များ၏ နောက်ခံအကြောင်းများ၊ အကြောင်းပြချက်များကို ရေးသားရသောကြောင့် ဆက်စပ်နေရာတိုင်းတွင် ထပ်ခါတလဲလဲ မပါဝင်နေစေရန် အထူးသတိထား ရပါမည်။ တချို့နေရာများတွင် တွေ့ရှိချက်အကြောင်းအရာကို ဆက်စပ်မိအောင် အစပျိုးရေးရခြင်း၊ စာ "ခေါ်" ရေးခြင်းများကြောင့် အကြောင်းအရာထပ်နေခြင်းမျိုးသည် ဖတ်ရှုသူပျင်းရိနိုင်သောကြောင့် သတိထားပြီး ရေးသားရပါမည်။ အကြောင်းအရာမတူညီပဲ အကြောင်းပြချက်များ တူညီနေလျှင်တော့ နောက်တခါပါလည်း ဖျက်ပစ်စရာ၊ ပြောင်းပစ်စရာမလိုပဲ၊ ဒီတိုင်းပဲ ရေးရပါမည်။ ထို့ကြောင့် အကြောင်းအရာနှင့် အကြောင်းပြချက်များကို တချို့နေရာများတွင် အပိုဒ်တပိုဒ်ထဲ၊ ပေါင်းစည်း ရေးသားခြင်းဖြင့် ထပ်ခါတလဲလဲပါနေခြင်းကို လျှော့ချနိုင်ပါသည်။ နောက်ဆုံးတွေ့ရှိချက်/ အစီရင်ခံစာမဖြစ်ခင် အကြမ်းအနေအထား၌တွေ့ရှိပြီး ပြင်ဆင်ရေးသားသင့်ပါသည်။
- ❖ Transcript/ Overview/ မှတ်စုများတွင် ကောင်းသော/ စိတ်ဝင်စားစရာ Quotes များရှာရင်း၊ အကြောင်းအရာအသစ်များ (တွေ့ရှိချက်အသစ်များ) ထပ်မံတွေ့ရှိပါက တွေ့သော Quotes များကို ချက်ချင်းတစ်နေရာရာတွင် (သို့) ခေါင်းစဥ်တခုအောင်တွင် (သို့) အရောင်တခုခုပေးပြီး ထည့်ထားပါ။ ပြီးမှ ထို Quotes များနှင့်သက်ဆိုင်သည့် တွေ့ရှိချက်အသစ်များကို ရေးပါ။ ထို့နောက် ယခင်ရှာနေသော

အကြောင်းအရာ တစ်ခုစီကိုသာ ဆက်လက်ရှာပါ။ တပြိုင်နက်ထဲတွင် ၂ မျိုး၊ ၃ မျိုး မရှာသင့်ပါ။ (ရှေ့မှာရေးသော အပိုဒ်တွေမှ အကြောင်းပြချက်များနည်းနေပါက ထပ်မံရှာဖွေရန်။ ခေါင်းစဉ်တစ်ခု အောက်မှ အကြောင်းအရာ၊ တွေ့ရှိချက်များ နည်းနေပါက ထပ်ရှာ၊ ထပ်ဖတ်ရန်၊ အထပ်ထပ်ဖတ်ရှုရန်)

❖ အချက်တစ်ခုချင်းစီ စုစည်းပေါင်းမရေးခင်၊ ရှေ့ (ထိုအချက်များအပိုဒ်) မှာ ထိုအချက်များအတွက် သုံးသပ်ချက်များကို ရေးသားပေးရမည်။ သို့မဟုတ် စုစည်းရေးသားပြီးမှ ထိုအချက်များအပိုဒ်ရှေ့/ နောက်တွင် မိမိသုံးသပ်ချက်ကိုရေးပါ။ ဆိုလိုသည်မှာ ရှေ့ဖက်/ အောက်ဖက်အချက်များကို ခြုံငုံမိသော စာကြောင်းတခုအဖြစ် ရေးသားရန် ဖြစ်ပါသည်။

အသုံးပြုသူ/ စံ (Criteria) တူ ဖြေဆိုသူချင်း (၁) အမြင်တူ၊ အမြင်ဆန့်ကျင် (၂) သုတေသနပြုသည့်နေရာဒေသချင်း အမြင်တူ၊ အမြင်ဆန့်ကျင်၊ အကြောင်းအရာများ (Information) တူ၊ မတူဆိုတာတွေကို ယှဉ်ရေးရပါမယ်။

## ANALYSIS FRAMEWORK

Analysis Framework ကို FGD/ IDI (Large sample size) ပွဲများသောအခါတွင်သာ ပြုလုပ်ရပါသည်။ FGD/ IDI ပွဲအနည်းအကျဉ်း (၂ ပွဲမှ ၄ ပွဲ) ပြုလုပ်ပါက Analysis Framework မလိုအပ်ပါ။ အဓိကအားဖြင့် Code Frame တစ်ခု စတင်တည်ဆောက်မှုနှင့် အချက်အလက်များပြန်လည်စုစည်းရာတွင် အချိန်ပေးရသောကြောင့် ဖြစ်ပါသည်။ ထို့အပြင် သုတေသနတွင် ပါဝင်သည့်အဖွဲ့သားများကလည်း မှတ်စုများ၊ Transcript များကို ဖတ်ရှုပြီး၊ Code ပေးခြင်း (Coding) များတွင် ပါဝင်လုပ်ကိုင်ရပါမည်။

အစီရင်ခံစာရေးသားမည့်သူသည် တွေ့ရှိချက်များ ရေးသားရန် ပြုလုပ်ထားသည့် မှတ်စုများ၊ Coding Sheet များကို စုစည်းပေါင်းစပ်ရေးသားခြင်း၊ ဖတ်ရင်း၊ ရေးရင်း၊ အချိန်ပေးစဉ်းစား လုပ်ကိုင်ရပါမည်။ သတိထားရမည်မှာ Analysis Framework ကို အတွေ့အကြုံမရှိသူများဖြင့် ပြုလုပ်နေပါက ခေါင်းစဉ်အောက်တွင် သက်ဆိုင်ရာ Code များ ထည့်သွင်းပေးရမှုများ လိုက်လျောညီထွေမှုမရှိခြင်း၊ နံပါတ်ထပ်ခြင်း/ ဖောင်းပွခြင်းများကဲ့သို့ မှားယွင်းမှုများ ကြုံတွေ့နိုင်ပါသည်။

Transcript များရေးသားခြင်းသည် အချိန်များစွာ ကုန်ခြင်း၊ ငွေကြေးများစွာ ကုန်ကျမည်ဖြစ်သော်လည်း FGD/ IDI အားလုံးကို Transcript များရေးမှသာ ပြည့်စုံစွာဖြင့် Code များ သေချာစွာ ပေးနိုင်၊ လုပ်ကိုင်နိုင်ပါမည်။ ကောင်းသောအချက်မှာ အများစု၊ အနည်းစု ပြောကြားချက်များ၊ ဦးတည်အုပ်စုများအလိုက် တူညီမှု၊ ကွဲပြားမှုများကို အတိအကျရရှိစေပါသည်။ (မှတ်စုအတိုများဖြင့် Analysis Framework/ Code Frame ကို ပြုလုပ်၍မရပါ။ Transcript သည်လည်း ပုံမှန်သတ်မှတ်ချက်များအတိုင်း-ကြားသမျှချရေးခြင်း၊ အဆုံးအဖြတ်၊ သုံးသပ်ချက်၊ အတိုချုံးခြင်းများ ပြုလုပ်ပြီး မရေးခြင်း၊ FGD/ IDI နံပါတ်၊ နေရာ၊ မေးမြန်းသူ၊ နေ့စွဲ၊ ဦးတည်အုပ်စု၊ စာမျက်နှာနံပါတ် စသဖြင့် ပြည့်စုံနေရပါမည်။)

Project အကြီးအသေး - FGD/ IDI အရေအတွက်များပြားမှုပေါ် မူတည်၍လိုအပ်ပါက Code Frame, Coding Sheet များပြုလုပ်ရန်။

1) ပထမဦးစွာ အစီရင်ခံစာခေါင်းစဉ်အကြမ်းပြုလုပ်ပါ။ (Develop the Report Structure)
2) ထိုခေါင်းစဉ်အောက်တွင် ပါဝင်နိုင်မည့်အကြောင်းအရာများကို သုတေသနအဖွဲ့ဝင်အားလုံးက (အထူးသဖြင့် ဆွေးနွေးပွဲကြည့်ရှုခဲ့သူက) ဝိုင်းဝန်းပြောကြားပြီး၊ ကုဒ်များခွဲခြား၍ပေးရန်။ (Develop Code

Frame) တွေ့ရှိချက်ခေါင်းစဥ်တခုစီကို Coding ပေးရန် တရွက်စီတွင် ပါဝင်မည့်အချက်အလက်အတိုလေး (Points) များ ရေးသားထားရန်။

3) ဘောပင်ဖြင့်တွေ့ရှိချက်များမှတ်သားရန်အတွက် အရောင်ရွေးချယ်ခွဲခြားပေးခြင်း၊ (အုပ်စုအလိုက်/ ခေါင်းစဥ်အလိုက်-ပါဝင်မည့်အကြောင်းအရာ/ နေရာအလိုက်/ ဆွေးနွေးပွဲလမ်းညွှန်ပါ အခန်းနှင့် မေးခွန်းများအလိုက် စသဖြင့်ခွဲခြားပေးရန်) (Decide colors)
4) Transcript တွင် အရောင်ဖြင့်မည့်ကဲ့သို့လိုင်းတားမည်နှင့် မည်ကဲ့သို့ ကုဒ် (Code) ကို ထည့်သွင်းမည်များကို ရှင်းပြရန်။ (Marker များ၊ ကာလာဘောပင်များ၊ Highlighter များ လိုအပ်ပါသည်)
5) အတိုကောက်နာမည်များပေးခြင်း၊ (အုပ်စုအမည်/နေရာအမည်/စာမျက်နှာနံပါတ် စသဖြင့်) (Decide Abbreviation)
6) Code Sheet တွင် ရေးသားမည့်ပုံစံကို နမူနာပြုလုပ်ပြခြင်းနှင့် အဖွဲ့သားချင်း (ဘယ်အချက်ဆို ဘယ်ကုဒ်ထဲ ထည့် စသဖြင့်) သဘောတူညီချက်ရယူခြင်း။ (အရေးကြီးသည်မှာ Code အသစ် ထပ်တိုးတိုင်း၊ အဖွဲ့သားအားလုံးကို အသိပေးပြီး တဦးချင်းစီ၏ Coding Sheet တွင် (update) ဖြည့်သွင်းပေးရပါမည်။ ခေါင်းဆောင်မှလည်း တခါထဲ တဦးချင်းစီ၏ Coding Sheet ကို စစ်ဆေးရပါမည်။
7) Code Sheet တွင် တွေ့ရှိချက်များကို အတိုဆုံးသာရေးသားပြီး၊ အုပ်စု၊ နေရာ၊ Transcript စာမျက်နှာ နံပါတ်တို့ကို တခါထဲရေးသားရန်။ Transcript ထဲမှ အကြောင်းအရာများကို ပြန်ပြီး အလွယ်တကူမှတ်မိနေရန်နှင့် ပြန်လည်ရှာဖွေရ လွယ်ကူစေရန်။
8) အနည်းစု၊ အများစု ရေတွက်ခြင်း၊ ဦးတည်အုပ်စုအလိုက် အနည်းစု၊ အများစု ခွဲခြားခြင်းများဖြင့် သီးခြားနေရာတွင် မှတ်သားရပါမည်။ သို့မှသာ အစီရင်ခံစာရေးသားရာတွင် အဆင်သင့်ဖြစ်နေစေပါမည်။
9) ထူးခြားချက်များတွေ့ရှိပါက သီးသန့်မှတ်စုတွင် ရေးမှတ်ခြင်း (သို့) Code Sheet တွင် အလွယ်တကူမှတ်မိရန် အမှတ်အသားပြုလုပ်ခြင်း။ (Develop Code Sheets)
10) အစီရင်ခံစာရေးသားရန် အဓိကရေးသားသည့်နေရာမှပါဝင်မည့်သူ/များအား တွေ့ရှိချက်များကို ပြန်လည်ပြောကြားရာတွင် အနည်းစု၊ အများစုထင်မြင်ချက်၊ သဘောထားများ ပြန်လည်ပြောပြနိုင်အောင်၊ ရေတွက်နိုင်အောင် Analysis Framework မစတင်ခင် သေချာစွာ မှတ်သားထားရန် ပြောကြားထားရပါမည်။
11) မြန်မာလိုအစီရင်ခံစာ မဟုတ်ပဲ၊ အင်္ဂလိပ်လိုအစီရင်ခံစာပေးရမည်ဆိုပါက ဘာသာပြန်မည့်သူများ အနေဖြင့် အရောင်ဖြင့်လိုင်းတားထားသည်များ (Quotations) ကို ဘာသာပြန်ရန်အပြင်၊ ဘေးတွင် ရေးမှတ်ထားသော Code များအလိုက် ဖိုင်များ ခွဲခြားပေးရပါမည်။
12) သုတေသနစတင်ခဲ့စဥ်က သုတေသနနည်းလမ်းများ (Methodology) ထဲမှ "စံ" (Criteria) များအလိုက် ကွဲပြားခြားနားချက်များကို ခေါင်းထဲထည့်ထားပြီး မှတ်စုများကို ဖတ်ရှု၊ သုံးသပ်ရပါမည်။
13) Transcript များကို ဖတ်ရှုပြီး Coding ပြုလုပ်ရာမှာ Transcript တခုချင်းအလိုက်ပြီးဆုံးသည်အထိ ဖတ်ရှုပြီးမှသာ နောက်တခုကို ဖတ်ပြီး Code ပေးရပါမည်။ ဆိုလိုသည်မှာ ခေါင်းစဥ်တခုအလိုက် ဟို Transcript ဖတ်လိုက်၊ Code ပေးလိုက်၊ နောက် Transcript တခုဖတ်လိုက်၊ Code ပေးလိုက်၊ ဆိုတာမျိုး မပြုလုပ်သင့်ပါ။ ဆွေးနွေးပွဲများတွင် ပါဝင်နားထောင်နေသူဖြစ်ပါက Transcript တခုဖတ်ရင်းဖြင့် Code များ စတင် ပေးနိုင်ပါသည်။

အထက်ပါပြုလုပ်မှုသည် ဆွေးနွေးပွဲခပ်များများဖြင့် အစီရင်ခံစာ စတင်ရေးသားမည့်သူများအတွက် ပြုလုပ်နိုင်အောင် ဖော်ပြထားခြင်းသာ ဖြစ်ပြီး၊ Analysis Software များဖြင့် Coding ပေးခြင်းများကို မိမိဖာသာ သီးခြား လေ့လာလုပ်ကိုင်နိုင်ပါသည်။

## (၄) တွေ့ရှိချက်များ ရေးသားရန် အဓိကထည့်သွင်းစဥ်းစားသင့်သည့် ဥပမာနှင့်ဖော်ပြချက်များ၊

**မတူကွဲပြားသည့် အဓိကရှာဖွေတွေ့ချက်များ ရေးသားပုံနမူနာများကို စုံလင်နိုင်သမျှ စုံလင်အောင် ဖော်ပြထားသော်လည်း မိမိရေးသားမည့်အစီရင်ခံစာတွင် ထိုရေးသားနည်းအချက်များအားလုံးပါဝင်ရေးသားရမည်ဟု မဆိုလိုပါ။ မိမိပြုလုပ်သည့်သုတေသနဦးတည်ချက်များ၊ စီမံချက်/ ကုန်ပစ္စည်းအမျိုးအစား၊ နေရာအနေအထား၊ အချိန်ကာလ စသော အချက်များပေါ်မူတည်ပြီး လိုသလို နမူနာယူ၊ ထည့်သွင်း ရေးသားနိုင်ပါသည်။**

(က) တွေ့ရှိချက်များ၏ရှေ့ပိုင်းတွင် **<u>အစပျိုးသော၊ ယေဘူယျ တွေ့ရှိချက်များ</u>**ကို ရေးသားရပါမည်။ ပြီးမှ အရေးကြီးသော အပိုင်းများကို တဖြေးဖြေးချင်း စာဖတ်သူ စိတ်ဝင်စားနိုင်စေရန် ရေးသားသင့်ပါသည်။ ရှေ့ပိုင်း ယေဘူယျတွေ့ရှိချက်များသည် အဓိကလေ့လာသည့်အချက်များနှင့် တိုက်ရိုက်ဆက်စပ်သည့် အကြောင်းအရာများ ဖြစ်ရပါမည်။ ရှေ့ပိုင်းအစပျိုးထားသော တွေ့ရှိချက်များအတွက် မေးခွန်း (Discussion Guide) စလုပ်စဥ်ကတည်းက ထည့်သွင်းတည်ဆောက်ထားပြီး၊ မေးမြန်းပြီးသား ဖြစ်နေရပါမည်။

**ဥပမာ - ချွေးနံ့ပျောက်ဆေး (Deodorant) ပစ္စည်းလေ့လာမှု**

**<u>တွေ့ရှိချက်</u>** (၁) - တနေ့ကို ရေ ၂ ကြိမ်/ ၃ ကြိမ်လောက် ချိုးကြပါတယ်။ ညစ်ပတ်တယ်ဆိုတာ ချွေးတွေထွက်၊ စိုရွဲနေမှာနဲ့ အနံ့ နံတာဟာ မိမိကိုယ်ကို ဂရုမစိုက်တာလို့ မြင်ကြပါတယ်။ တခြားသူတွေ သတိထားမိရင် အရှက်ရစေတယ်လို့ထင်ကြပါတယ်။ ကိုယ်ကာယ အားကစားလုပ်တာ၊ အခြားပင်ပန်းတာတွေ လုပ်ရင် ပိုပြီး သန့်ရှင်းရေး လုပ်ချင်ကြပါတယ်။

*"ကျွန်မက အိပ်ယာနိုးနိုးချင်း ရေချိုးတယ်။ ညနေအလုပ်ကနေ ပြန်ရောက်တာနဲ့ တခါထပ်ချိုးတယ်။ တခါတလေ အိပ်ယာမဝင်ခင်လည်း ချိုးလေ့ရှိတယ်။"* : **ချွေးနံ့ပျောက်ဆေး မသုံးသူ**

**<u>တွေ့ရှိချက်</u>** (၂) - ချွေးနံ့ပျောက်ဆေးဟာ နေ့စဥ်လှုပ်ရှားဆောင်ရွက်မှုများမှာ တစိတ်တပိုင်းအနေနဲ့ ရှိနေပါတယ်။ ဒါကိုအသုံးမပြုပဲ အမျိုးသမီးတွေဟာ အပြင်မထွက်ကြပါဘူး။ အများစုက သူတို့ပစ္စည်းတွေကို သယ်ယူသွားပြီး တနေ့တာလုံးအတွက် အသုံးပြုကြပါတယ်။

*"မနက်ဆို အဲ့ဟာလိမ်းပြီးတာနဲ့ ကျွန်မပိုက်ဆံအိတ်ထဲထည့်သွားတယ်။ လိုတာနဲ့ နေ့လည် လိမ်းလို့ရအောင်ပေါ့။"* : **ချွေးနံ့ပျောက်ဆေး အသုံးပြုသူ**

*"မနက် (၈) ဆို လိမ်းလိုက်တယ်။ ဒါပေမယ့် ညနေ ၄ နာရီလောက်ဆို အနံ့နဲ့ချွေးထွက်တာကို သတိပြုမိပြီး ထပ်လိမ်းလိုက်တယ်။ အရမ်းအကြာကြီး မခံဘူးလေ။"* : **ချွေးနံ့ပျောက်ဆေး အသုံးပြုသူ**

**ဥပမာ - ကလေး နို့မှုန့် (Infant Formula) လေ့လာခြင်း၊** (ခေါင်းစဥ် **"ကလေးများဖွံ့ဖြိုးတိုးတက်မှုအပေါ် မိခင်များ၏သဘောထား")**

**<u>တွေ့ရှိချက် (၃)</u>** - ကလေးများ ကျန်းမာဖို့၊ ပညာတတ်တွေဖြစ်ဖို့နဲ့ အောင်မြင်တဲ့ပညာရှင်တွေဖြစ်ဖို့ ကလေး မိခင်တွေက လိုလားကြပါတယ်လို့ ကလေးများဖွံ့ဖြိုးတိုးတက်မှုနဲ့ပတ်သတ်ပြီး သူတို့ သဘောထားကို ဖော်ပြခဲ့ပါတယ်။

*"ကျွန်မကလေးကို ကျွန်မထက် ပညာတတ်ကြီး ဖြစ်စေချင်တယ်။ သမီးလေးကို ဆရာဝန်ကြီး တယောက် ဖြစ်စေချင်တယ်။"* : **အလုပ်လုပ်နေသော မိခင်**

*"ကျွန်မ သားလေးကို ကျန်းမာပြီး သန်သန်မာမာဖြစ်စေချင်တယ်။ အတန်းထဲမှာလည်း စာတော်ပြီး ညဏ်ကောင်းတဲ့ကလေးတယောက် ဖြစ်စေချင်တယ်။"* : **အလုပ် မလုပ်သော မိခင်**

**(ခ)** အများစုပြောသောအမြင်နှင့် သုံးသပ်ချက်များကို အဓိကတွေ့ရှိချက်များတွင် သေချာစွာစုစည်း ဖော်ပြပေးရမည်။ **<u>"အားလုံး"၊ "အများစု"</u>** စသဖြင့် မရေးသားလျှင်လည်း အများစုဟု သဘောပေါက်နားလည်ပြီး ဖြစ်ရပါမည်။

**ဥပမာ -**

**<u>တွေ့ရှိချက် (၁)</u> - ဒေသတွင်းရှိ ဝင်ငွေတိုး လုပ်ငန်းများလျော့လာခြင်း၊**
အဓိကအားဖြင့် မွေးမြူသူများအနေနှင့် ဘဲအစာများဈေးကြီးခြင်းကြောင့် အစာများ လုံလောက်စွာ မကျွေးနိုင်ခြင်းကြောင့်၄င်း၊ လယ်မြေများတွင် ပိုးကျ၍ ပိုးသတ်ဆေးများ သုံးထားသော လယ်ထဲသို့ လွှတ်ကျောင်းထားရသောကြောင့် ဘဲများဥဥနှုန်းကျဆင်းခဲ့ပြီး၊ မွေးမြူသူများ အရှုံးပေါ်ခဲ့ကြ သောကြောင့် ဘဲသားပေါက်များကို သိပ်မဝယ်ဖြစ်ကြတော့ခြင်းဖြစ်သည်ဟု ပါဝင်ဆွေးနွေးသူအများစုက ပြောပြခဲ့ကြပါသည်။

**<u>တွေ့ရှိချက် (၂)</u> - ကာလသားရောဂါကို မိမိဖာသာကုသခြင်းအကြောင်း လျော့လာခြင်း၊**
It was apparent that respondents in both locations relied primarily on friends and drug shop assistants, rather than on reliable sources of information, to give them STI-related information.

*"I talked to my friend when I first noticed the symptoms and he suggested I buy drugs. He too had used these medicines when he suffered."* : **Yangon Non-Clinic, User Male, 20-24 yro.**

**(ဂ)** အကြောင်းအရာတစ်ခုကို **<u>မတူညီသော အမြင် (၂) မျိုးဖြင့် တွေ့ရှိချက်စာပိုဒ် (Text) ၂ ပိုဒ်</u>** ဖြင့် ဖော်ပြလေ့ရှိသည်။ ဥပမာ ရှေ့က Text က အများစုပြောသော အကြောင်းအရာများဖြစ်ပြီး၊ နောက် Text တွင် တချို့ ဆွေးနွေးသူများကပြောသော အကြောင်းအရာများကို ရေးသားရပါမည်။ ရှေ့နောက်ကျိုးကြောင်းညီညွှတ်မှုရှိပြီး အကြောင်းပြချက်များ ပါဝင်သော တွေ့ရှိချက်များ ဖြစ်နေရန် အရေးကြီးပါသည်။

**ဥပမာ -** အသင့်ဖျော်ကွန်ကရစ်အကြောင်း လျော့လာခြင်း၊

**<u>တွေ့ရှိချက် (၁) (က)</u>** - လက်ဖျော်ကွန်ကရစ်ကို နှစ်ပေါင်းများစွာ အသုံးပြုကြတဲ့ဆွေးနွေးသူတွေကတော့ ဘိလပ်မြေဆိုတာ နာရီဝက်ထက်ပိုထားရင် မကောင်းဘူးလို့ မြင်ကြပါတယ်။ ဓါတုဗေဒတွေထည့်လည်း ကွန်ကရစ်တစ်ခုဟာ ကြာလာလေ ၎င်းရဲ့ခိုင်ခန့်မှုကို ထိခိုက်နိုင်တယ်လို့လည်း မြင်ကြပါတယ်။

**<u>တွေ့ရှိချက် (၁) (ခ)</u>** – အသင့်ဖျော်ကွန်ကရစ်တွေမှာသုံးတဲ့ ဓါတုဗေဒနဲ့ပတ်သတ်ပြီး ဓါတုဗေဒက ရေပါဝင်မှုများတာကို ထိန်းနိုင်တယ်ဆိုတာကို လက်ဖျော်ရော၊ အသင့်ဖျော်သုံးသူတချို့ကသာ ပြောပြခဲ့ကြပါတယ်။

<u>**တွေ့ရှိချက် (၂) (က)**</u> – တီဘီရောဂါ စစ်ဆေးခြင်းနှင့်ကုသခြင်းကို လေ့လာခြင်း၊

ရန်ကုန်မှဖြေဆိုသူအချို့က ချွဲ၊ သလိပ်စစ်ခြင်းသည် ပို၍ အားထားစိတ်ချရကြောင်း ပြောဆိုကြပါသည်။ ရောဂါရှိ၊ မရှိ သေချာစေဖို့ (၃) ကြိမ်စစ်ဆေးရသောကြောင့် ဖြစ်ပါသည်။ ချွဲ၊ သလိပ်စစ်ဆေးခြင်းဟာ ယုံကြည်အားထားရပြီး ရောဂါပိုးများနှင့် တီဘီကူးစက်မှုအခြေအနေကို ဖော်ပြပေးပါသည်ဟု မအူပင်မှ အမျိုးသမီးအများစုက ပြောပြကြပါသည်။ ဆေးကုဖို့အတွက် ဆေးသောက်ရမယ့် အကြိမ်ကို ဆုံးဖြတ်ပေးနိုင်တဲ့အတွက် ယုံကြည်အားထားရတယ်လို့ ထင်မြင်ကြပါသည်။

<u>**တွေ့ရှိချက် (၂) (ခ)**</u> – သို့သော် ဓါတ်မှန်ရိုက်ခြင်းနှင့် ချွဲ၊ သလိပ်စစ်ခြင်းများ ၂ မျိုးလုံး လိုအပ်တယ်လို့ မအူပင်မှ ဖြေဆိုသူများနှင့် ရန်ကုန်မှအချို့က ထင်ကြပါသည်။

**(ဃ)** အကြောင်းအရာတစ်ခုအပေါ်တွင် <u>**အမြင်နှစ်မျိုးကို ဆန့်ကျင်ဘက်နှင့်**</u> အများစု၏အမြင်၊ အနည်းစု အမြင်များကို <u>**စာပိုဒ်တပိုဒ်**</u> ထဲတွင် တွေ့ရှိချက်များကို ထည့်သွင်းပေါင်းစပ် ရေးသားလေ့ရှိပါသည်။ မေးခဲ့သော အကြောင်းအရာ (၂) မျိုး/ (၃) မျိုးတို့အတွက် တွေ့ရှိချက်များကို ရေးသားရာတွင် ရှေ့ပိုင်းမေးခဲ့၍ရသည့် အဖြေနှင့် နောက်ပိုင်းမေးသော အကြောင်းအရာတခုတို့ကို တစ်ခါတစ်ရံ တွေ့ရှိချက်စာပိုဒ် (Text) တွင် ယှဥ် ထည့်လေ့ရှိပါသည်။

**ဥပမာ** - အသင့်ဖျော်ကွန်ကရစ်အကြောင်း လေ့လာခြင်း၊

<u>**တွေ့ရှိချက် (၁)**</u> - ကုမ္ပဏီ (A) ကို အရင်က အုပ်ချုပ်မှုပိုင်းအတွက် နိုင်ငံခြားက အုပ်ချုပ်စီမံတဲ့အတွက် အရည်အသွေးပိုင်းမှာ မြင့်တယ်လို့ တချို့အသင့်ဖျော်ကွန်ကရစ်သုံးစွဲဖူးတဲ့ ကန်ထရိုက်တာတွေက ထင်မြင်ကြပါတယ်။ ကုမ္ပဏီ (B) ကလည်း နိုင်ငံခြားက အုပ်ချုပ်စီမံနေပေမယ့် တကယ်တမ်း ကန်ထရိုက်တာ လိုချင်တဲ့ပုံစံမျိုးမရတတ်တာမျိုးတွေ၊ အဆင်မပြေတဲ့အကြောင်းတွေကို ပြောရင် လက်မခံတာမျိုးတွေ ရှိတယ်လို့ တချို့ပါဝင်ဆွေးနွေးသူတွေက သူတို့ကြုံခဲ့ဖူးတာတွေကို ပြောပြကြပါတယ်။

<u>**တွေ့ရှိချက် (၂)**</u> – **Youth Friendly Clinic Study**

Many male respondents in Yangon and Mandalay said they used condoms with sex workers to prevent contracting STI but did not think condom use with girlfriends was necessary. <u>When asked about the birth spacing methods</u> they used with girlfriends, some male respondents said they used condoms to prevent pregnancy but not STI.)

<u>**တွေ့ရှိချက် (၃)**</u> – **STI-Health Seeking Behavior Study**

Working respondents said a lack of free time was a barrier to them going (to the clinic) while others mentioned financial barriers.)

**(င)** တွေ့ရှိချက်များ (သို့) Quotes များတွင် **<u>ဒေသသုံးစကားလုံးများ</u>** ကို တိုက်ရိုက်သုံး၍ရေးရသည့်အခါ ၎င်း၏အဓိပ္ပါယ်ကို နားလည်စေရန်နှင့် ပေါ်လွင်စေရန် တပါတည်း ရေးပေးသင့်ပါသည်။ ဆွေးနွေးပွဲတွင် မေးမြန်းသူမှ မေးခဲ့ရမည်ဖြစ်သလို မှတ်စုရေးသူ ကလည်း ထည့်သွင်းဖော်ပြထားမှသာ အစီရင်ခံစာရေးသူအတွက် အဆင်သင့်ထည့်သွင်းရေးသားနိုင်ပါမည်။

**ဥပမာ -**

**<u>တွေ့ရှိချက် (၁)</u> – ဒေသတွင်းရှိ ဝင်ငွေတိုး လုပ်ငန်းများလေ့လာခြင်း၊ (Text)**
ဘဝင်းပိုက်ထောင်ဖမ်းသူ (ကမ်းစပ်တွင်ငါးဖမ်းပိုက်ကို ဝါးဖြင့်ထောင်၍ဖမ်းသူ) များကဲ့သို့ အသေးစားငါး၊ ပုဇွန်ဖမ်း၍ အသက်မွေးဝမ်းကြောင်းပြုသူများအနေဖြင့် အင်းလေလံလုပ်ငန်းရှင်များမှတဆင့် လေလံကြေး ပေးပြီးမှ ငါး၊ ပုဇွန် ဖမ်းဆီးခွင့်ရှိပါသည်။ ထိုသို့မပေးနိုင်သောသူများအနေဖြင့် ဖမ်းဆီးခြင်းမပြုနိုင်ပဲ၊ ရရာအလုပ်များ လုပ်ကိုင်နေခြင်း နှင့် ငါး၊ ပုဇွန်များကို ခွင့်ပြုချက်မရပဲ ဖမ်းဆီးနေပုံရကြပါသည်။

**<u>တွေ့ရှိချက် (၂)</u> - စီမံကိန်းများကို လေ့လာခြင်း၊ (Quote)**
*"ဒီမှာက မိုးစပါးစိုက်ဖို့ဆို တဧကကို ဒိန်းဒလိန်း (အမျိုးအမည်အားလုံးအတွက် ကုန်ကျငွေစုစုပေါင်း) ၅ သိန်းခွဲလောက်ကုန်တယ်။ မျိုးစေ့၊ ဓါတ်မြေဩဇာဖိုး၊ ပိုးသတ်ဆေး၊ အလုပ်သမားခတွေ စတာတွေအတွက် ကုန်တယ်။"*

**(စ)** တချို့ Quotes များကို ဖတ်ရင်း၊ ဖတ်ရင်းဖြင့် (Text များကို ပြန်ဖတ်၊ ရှာဖွေစစ်ဆေးရင်း) သုံးသပ်ချက်/ တွေ့ရှိချက် (Insights) အသစ်များလည်း ထပ်မံရရှိနိုင်ပါသည်။ ထို့ကြောင့် မိမိရေးသားထားသော Text များရော၊ Quotes များပါ ထပ်ကာထပ်ကာ စစ်ဆေးရင်း၊ အပြန်အလှန်ဖတ်ရှုသင့်ပါသည်။ (အကြောင်းပြချက်များ သေချာမမေးလာတာ (Probing) နှင့် မှတ်စုရေးသူ ရေးမှတ်ဖို့ ကျန်ခဲ့တာတွေလား ဆိုတာကို ပြန်ဖတ်ခြင်း၊ အသံသွင်းထားတာတွေကို ပြန်နားထောင်ခြင်းများ ပြုလုပ်ရန်လိုအပ်ပါတယ်။) အသစ်ရှာဖွေတွေ့ရှိသော်လည်း မိမိသုတေသနဦးတည်ချက်များနှင့် မကိုက်ညီလျှင် ထည့်သွင်းရေးသားရန် မလိုအပ်ပါ။

**ဥပမာ - (ပါဝင်ဆွေးနွေးသူများ၏ပြောကြားချက်များ)** တချို့အမေတွေက နို့မှုန့်ပြစ်ပြစ်ဖျော်ရင် ဝမ်းချုပ်တာသိတယ်။ ကလေးက နို့မှုန့်အရမ်းသောက်လို့ ကျဲကျဲဖျော် တိုက်တယ်။ ရေနွေးနဲ့ဆေးမှာတို့၊ ရေနွေးနဲ့ဖျော်မှာတို့ -----စသဖြင့် ဖျော်စပ်ပုံကို သေချာသိပုံမရဘူး။
- **(ပေါ်ထွက်လာသော အသစ်များ)** တချို့ကလေးအမေတွေက ဖျော်စပ်ပုံသေချာမသိတဲ့အတွက် ဖြစ်ပေါ်လာမယ့်အကျိုးဆက်တွေ အနေနဲ့ ပြစ်ပြစ်ဖျော်လို့ ကလေးတွေ ဝမ်းချုပ်ခြင်း၊ **<u>ပိုဝလာခြင်း၊ အစာမကြေခြင်း၊ ငွေကုန်ကြေးကျများခြင်း စသောကိစ္စများ</u>** ဖြစ်လာနိုင်ခြင်းနှင့် (ကျဲကျဲဖျော်လို့ **<u>အာဟာရမပြည့်ဝခြင်း</u>**) ကဲ့သို့ ပြဿနာများ ကြုံတွေ့နိုင်ကြပါတယ်။

**ဥပမာ - (ထပ်မံဖတ်ရှုရင်းဖြင့် တွေ့ရှိချက်အသစ်များ တွေ့ရတတ်သော်လည်း သုတေသနဦးတည်ချက်နှင့် ကိုက်ညီမှသာ ရေးသားပါ)**

အဖွဲ့အစည်းများက <u>နာဂစ်မုန်တိုင်းဒဏ်ခံရသောဒေသခံများအား ထောက်ပံ့မှုများပေးရာတွင် ဆင်းရဲသား လက်လုပ်၊ လက်စားသမားများကိုသာပေးပြီး၊</u> လုပ်ငန်းရှင်အသေးစားများကို ထောက်ပံ့မှုများပေးလေ့

မရှိပါ။ ထောက်ပံ့မှုများကိုရရှိသော လက်လုပ်၊ လက်စားသမားများသည် ရရှိသည်များကိုရောင်းချစားသုံးပစ်ခြင်းဖြင့် ရေရှည်အတွက် မရပ်တည်နိုင်ပါ။ ထို့ပြင် နေ့စားခများ တက်ယူသောကြောင့် လုပ်ငန်းရှင်အသေးစားများအတွက် အလုပ်အကိုင်များတွက်ချေမကိုက်၊ ဆုံးရှုံးခြင်းများ ဖြစ်ခဲ့ကြရပါသည်။ အကျိုးဆက်အနေဖြင့် လုပ်ငန်းရှင်လေးများ အလုပ်မကောင်းတော့သည့်အတွက် ထိုလုပ်ငန်းရှင်လေးများကို မှီခိုရမည့်လက်လုပ်လက်စားသမားများ အလုပ်လိုသောအခါ မပေးနိုင်တော့ပါ။ ထို့ကြောင့် လုပ်ငန်းရှင်အသေးစားတွေကို ထောက်ပံ့ခြင်းဖြင့် လက်လုပ်လက်စားများ (ဘောက်လုပ်သူများ) အမြဲအလုပ်ရစေပြီး၊ ဝင်ငွေများတိုးပွားလာနိုင်ပါသည်ဟု ဘိုကလေးမြို့မှ လုပ်ငန်းရှင်တစ်ဦးက ထူးခြားစွာ အကြံပေးပြောဆိုခဲ့ပါသည်။ ရွာများတွင် လယ်သမားအသေးစား အများစုရှိခြင်းနှင့် ရေလုပ်ငန်းအသေးစားလုပ်ကိုင်သူများကို ထောက်ပံ့ခြင်းဖြင့် အခြားဆက်စပ်သော အလုပ်အကိုင်များ၊ အရောင်းအဝယ်သမားများအတွက်ရော၊ ဒေသတွင်းရှိဈေးကွက်အတွက်ပါ အကျိုးဖြစ်ထွန်း စေပုံရကြောင်း ၎င်း၏ပြောဆိုချက်အရ လေ့လာတွေ့ရှိရပါသည်။

> *"လုပ်ငန်းရှင်တွေကောင်းရင် ဆင်းရဲတဲ့သူတွေလည်း အဆင်ပြေတယ်။ ဥပမာ ဝေခြမ်းရေးပေးတဲ့ ကာလ အတွင်းမှာ ငါးကွန်းရှပ်သမားသင်္ဘောတွေအတွက်လိုက်မယ့်သူမရှိဘူး။ ဘာဖြစ်လို့လဲဆို တော့စားစရာက ပူစရာမလိုတော့ဘူးလေ။ လုပ်ငန်းရှင်တွေဆီမှာ အလုပ်လုပ်မယ့်သူတွေ မရှိဘူး။ အလုပ်လုပ်မယ့်သူ မရှိလို့ လုပ်ငန်းတွေလျော့လာတယ်။ ဥပမာ-ဝေခြမ်းရေးက ဆန်၊ ဆီ၊ ဆားဝေလိုက်ရင် ဘဝင်းသမားတွေ၊ လှေလေးတွေနဲ့ဆင်းတဲ့သူတွေက မဆင်းတော့ဘူး။ ပစ္စည်းထွက်မှုတွေနည်းသွားပြီး၊ ကသိကအောက်တွေ ဖြစ်ကုန်ရော။ လုပ်ငန်းရှင်တွေကလည်း အလုပ်မကောင်းတော့ အလုပ်သမားလျှော့တယ်။ နာဂစ်ကြောင့် အားလုံးက ထိသွားတာလေ။ သူတို့ရဲ့လုပ်ငန်းတွေကို မချဲ့နိုင်တော့ဘူး။ အလုပ်သမားခတွေက မြင့်တယ်လေ။ ဝေခြမ်းရေး ပြတ်တဲ့အချိန်ကျတော့ အလုပ်လုပ်ချင်လည်း အလုပ်မရှိတော့ဘူး။ လုပ်ငန်းရှင်ကလည်း ပြတ်နေပြီလေ။ အဲဒါကြောင့် ဒီလိုလုပ်ငန်းရှင်တွေသာ ပံ့ပိုးနိုင်မယ်ဆိုရင် ဒီလူတွေက အလုပ်ရမှာ။"* **: တစ်ဦးချင်းဆွေးနွေးပွဲ(၈)၊ ဘိုကလေး။**

**(ဆ)** Project အပေါ်မူတည်၍ **ဦးတည်အုပ်စု (Target Group) အလိုက်၊ Location အလိုက်** တူညီသော အမြင်များ၊ ကွဲပြားသော (နှိုင်းယှဉ်ချက်) အမြင်များကို ခွဲထုတ်ရေးသားရပါမည်။ မှတ်စုများ၊ Transcript/ Overviews များကို ဖတ်ရာတွင် တစ်ခုနှင့်တစ်ခုအမြဲယှဉ်တွဲပြီး သတိထားဖတ်ရပါမည်။ သို့မှသာ ကွဲပြားသောအမြင်များကို တွေ့ရှိနိုင်ပါမည်။

**တွေ့ရှိချက် (၁) -**

အရင်ကနဲ့စာရင် ယခုနှစ် စပါးဈေး၊ ပဲဈေးတွေကလည်း မကောင်းပါ။ ငရုတ်တခုသာ အရည်အသွေးကောင်းပြီး၊ ဈေးကောင်းရလာသလို အထွက်လည်း ကောင်းတယ်လို့ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူအမျိုးသမီးတွေက ပြောပြခဲ့ကြပါသည်။

**တွေ့ရှိချက် (၂) - လူငယ်များ၏ ကွန်ဒွန် အသုံးပြုမှုများကို လေ့လာခြင်း၊**

While some male and female respondents mentioned using condoms as their preferred birth spacing method, condom use was more popular among younger than older respondents. In

fact, no female respondent in the 20-24yro age groups mentioned using condoms as a birth spacing method.

> *"Condoms will be the most popular and the most used method among youths."* : Yangon Clinic User Male, 15-19 yro.
>
> *"Condoms can be used so as not to get pregnant. Sometimes my boyfriend uses[one]."* : Mandalay Clinic User Female, 15-19 yro.

**(၉)** အဓိက တွေ့ရှိချက်များရေးသားရာတွင် ပုံမှန်အားဖြင့် ရှေ့မှ စကားအခံလေးများကြိုတင်ထည့်သွင်း ရေးသားလေ့ ရှိပါသည်။ လေ့လာခဲ့သောနေရာ၏ နောက်ခံအကြောင်းအရာ/ လုပ်ငန်းများ အကျဉ်းချုပ်များကို လည်း ထည့်သင့်ပါသည်။ ပြီးမှ တူညီမှု၊ မတူညီမှုများကို ထည့်သွင်း ရေးသားပေးရပါသည်။

**ဥပမာ -**

> **တွေ့ရှိချက် (၁) – ဂတ်စ်ပါသောအချိုရည်သောက်သုံးခြင်း အလေ့အထများ လေ့လာခြင်း၊**
> ဂတ်စ်ပါသောအချိုရည်ဆို မနည်းမများတဲ့မှန်ကန်တဲ့အချိုးအစားတွေ ပါဝင်ရမယ်လို့ ဖြေဆိုသူများက မျှော်လင့်ကြပါတယ်။ အရမ်းမများတဲ့ပမာဏကိုသောက်လိုက်တဲ့အခါ သောက်ကောင်းသလို အစာလည်း ကြေစေတယ်။ ကိုကာကိုလာက ပက်စီထက် အရသာပိုရှိပြီး ဂတ်စ်များတယ်။ ပက်စီသောက်သူတွေ ကတော့ အချိုနည်းတာ၊ ဂတ်စ်ပါဝင်မှုနည်းတာကို သဘောကျကြတယ်။ ဖြေဆိုသူတွေက အချိုများတယ်ဆို၊ ချောင်းဆိုးလာရင် မသောက်တော့ပါဘူး။
>
> **တွေ့ရှိချက် (၂) - Condom Preference Study**
>
> Consistent perceptions of flavored condoms emerged in both respondent groups. Condom users prefer the smell of flavored condoms to the smell of regular condoms. Some said they also liked the condom to smell of banana or strawberry because it disguised the smell of their partner during intercourse.
>
> *"I like the strawberry the best, but the banana is also ok. These condoms smell much better than the regular condoms. I really don't like the smell of the regular one-they smell oily or like rubber. That's why I choose the flavored ones-because they smell better."* : Male, 20-30 yro, regular condom user.

**(၁၂)** ခေါင်းစဉ်အပေါ်လိုက်၍ တွေ့ရှိချက်များကို ရှင်းပြရာတွင် အကြောင်းအချက်များကို ပြည့်စုံစွာ ဖော်ပြရန် လိုအပ်ပါသည်။ အကြောင်းပြချက် ခပ်များများပါဝင်စေခြင်းဖြင့် အရည်အသွေးနှင့်ဆိုင်သော သုတေသန နည်းလမ်းဖြင့် လေ့လာသည့်သုတေသနကို ပိုမိုထိရောက်ပြီး၊ ထင်ရှားစွာ တွေ့မြင်နိုင်ပြီး၊ သဘောပေါက်နိုင်ပါမည်။

**ဥပမာ - "ခံစားချက်များနှင့် စိုးရိမ်မှုများ" ကို ပေါ်လွင်အောင် ရေးသားဖော်ပြခြင်း၊**

**<u>တွေ့ရှိချက် (၁)</u> – DSEZ Impact Study**

ထားဝယ်အထူးစီးပွားရေးဇုန်တည်ဆောက်မှုကြောင့် နစ်ရှည်၊ လများ နေထိုင်ခဲ့သော ၎င်းတို့၏နေရာဒေသများမှ စွန့်ခွာသွားရတော့မည်နှင့် မိဘ၊ ဘိုးဘွားများနှင့်ကိုယ်တိုင်နှစ်ရှည်လများ စိုက်ပျိုး၊ ပြုစုပျိုးထောင်ခဲ့သော ဝင်ငွေရအပင်များဆုံးရှုံးရတော့မည့် ဒေသခံများသည် ပြောင်းရွှေ့ရမည့် သတင်းကြားကြားချင်း ဖမ်းနည်းခြင်း၊ စိတ်ဆင်းရဲခြင်း၊ လုပ်ငန်းများတိုးချဲ့မလုပ်ကိုင်တော့ခြင်း၊ အလုပ်လုပ်ကိုင်ချင်စိတ် မရှိခြင်း၊ အစားအသောက်ပျက်ခြင်း၊ အိပ်မပျော်ခြင်း၊ နေထိုင်မကောင်းဖြစ်ပွားခြင်းများပင် ရှိခဲ့ကြသည်ဟု ပါဝင်ဆွေးနွေးသူများက သူတို့တွေ့ကြုံခံစားခဲ့မှုများကို ချက်ချင်းတုံ့ပြန်ပြောဆိုခဲ့ကြပါသည်။

ဥပမာ - <u>Perceptions Of Different Condom Varieties Available in the Market</u>

**<u>တွေ့ရှိချက် (၂)</u> –** Condom users also believe flavored condoms are of a better quality than regular condoms. The perception is that flavored condoms are not as thin as regular condoms and therefore it will not break as easily. They also cost more.

**ဥပမာ - နာဂစ်လေမုန်တိုင်းအပြီး အဓိက ရေလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်း အခြေအနေများကို လေ့လာခြင်း**

**<u>တွေ့ရှိချက် (၃)</u> -** နာဂစ်ဖြစ်ပြီးစတွင် ငါး၊ ပုဇွန်များအမိများခဲ့ပြီး၊ နောက်ပိုင်းတွင် တစတစဖမ်းဆီးရမိမှုလျော့နည်းခဲ့ပါ သည်။ လေ့လာခဲ့သည့်ရောဝတီတိုင်း ဘိုကလေးနှင့်ဖျာပုံမြို့နယ်၏ နေရာအနှံ့အပြားတွင် ငါး၊ ပုဇွန် ဖမ်းဆီးရရှိမှု (၅ဝ) ရာခိုင်နှုန်းခန့်အထိ ကျဆင်းခဲ့ပါသည်။ ငါးခိုးဖမ်းသူများ၏ ဓါတုဗေဒဆေးများသုံးစွဲဖမ်းယူခြင်း၊ လယ်သမားများ၏ဓါတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ အလွန်အကျွံသုံးစွဲခြင်း၊ ငါး၊ ပုဇွန်ဖမ်းသည့် ခေတ်မီကိရိယာများနှင့်ဖမ်းဆီးလာမှုတို့ကြောင့် ငါး၊ ပုဇွန်ဖမ်းဆီးရရှိမှု နည်းပါးလာရခြင်းဖြစ်သည်ဟု ပါဝင်ဆွေးနွေးသူ အများစုက သူတို့ထင်မြင်ချက်များကို ပြောဆိုကြပါသည်။

**(ည)** ထူးခြားချက်များသည် အများစု မဖြစ်ခဲ့လျှင်လည်း အနည်းစု၏သဘောထား/ အတွေ့အကြုံ/ ခံစားချက်များကို သီးသန့် အပိုဒ်တပိုဒ်အနေဖြင့် ထင်ရှားစွာ ရေးသားဖော်ပြရပါမည်။ ဆွေးနွေးပွဲပြုလုပ်နေစဥ် နားထောင်၊ စောင့်ကြည့်မှတ်သားရာတွင် အစီရင်ခံစာရေးသားမည့်သူမှလည်း ပါဝင်နေခဲ့ရပြီး၊ ဖြေဆိုသူများ၏ ထူးခြားစွာပြောဆိုမှု၊ အကြံပြုမှုများ၊ ချက်ချင်း (**TOM**) ပြောထွက်လာမှုများ၊ (ဥပမာ - ၁ - ကုန်ပစ္စည်းအမည် စမ်းသပ်ခြင်းတွင် ဖတ်နိုင်၊ နားလည်နိုင်၊ နားမလည်နိုင် ဆိုတာမျိုးမေးမြန်းခြင်း၊ ၎င်းတို့အသံထွက်သည့် ထိုအမည်သည် မည်သည့်အကြောင်းအရာနှင့် ဆက်စပ်သည် (Associate ဖြစ်သည်) စသဖြင့်၊ ဥပမာ - ၂ - ဆေးညွှန်းကိုစမ်းသပ်ခြင်းကဲ့သို့ လေ့လာမှုများတွင် ပါဝင်နေသောအချက်များ ဖတ်ရှုခိုင်းပြီးနောက် ပြန်လည်မေးမြန်းရာ ဖြေဆိုသူများမှ မှတ်မိနေပြီး ခွဲခွဲခြားခြားဖြင့် ချက်ချင်း ပြန်လည်ဖော်ပြနိုင်ခြင်း) စသောအချက်များကို မှတ်စုတွင် အစီရင်ခံစာရေးသားသည့်အခါ ပြန်လည်ရေးသား အသုံးပြုနိုင်ဖို့ သေချာစွာ မှတ်သားထားရပါမည်။

**ဥပမာ - တဦး/ ၂ ဦးထဲက မှတ်မိပြီး ချက်ချင်းဖော်ပြ၊ ပြောပြမှုသည် သိသာထူးခြားခြင်းအဖြစ် ရေးသားဖော်ပြခြင်း၊**

**<u>တွေ့ရှိချက် (၁)</u> – ကာလသားရောဂါ ကုသသည့်ဆေးအပေါ် မြင်သည့်အမြင်များကို လေ့လာခြင်း၊**

ဖြေဆိုသူအမျိုးသမီးတဦးက ဆီးလမ်းကြောင်းပိုးဝင်ခြင်းနှင့် လိင်အင်္ဂါအနာဖြစ်ခြင်း တို့အတွက် မတူညီသော ဆေးများအသုံးပြုပုံကို မှတ်မိနေပြီး **<u>ချက်ချင်း</u>** ဖြေကြားခဲ့ပါသည်။

> *"ဆေးအညွှန်းစာရွက် (၂) ခုမှာ ကွန်ဒွန်တွေနဲ့ ညွှန်းဆိုတဲ့ကဒ် (၃) ခုအကြောင်းကို ဖော်ပြ ထားတယ်။ အဓိကကွဲပြားနေတာက ထိုးဆေး (၂) လုံးနဲ့ သောက်ဆေးတောင့် (၂) လုံး ပဲ။"* :
> **အုပ်စုလိုက်ဆွေးနွေးပွဲ (၂)၊ အမျိုးသမီး SW၊ ၂၀-၃၀ နှစ်**

**<u>တွေ့ရှိချက် (၂)</u> –** "Sure" ဆိုတဲ့အမည်ကို "Shu" က တိုးတိုးပြောခြင်းနှင့် "Wah" သည် "ဝါး" ဟု အမျိုးသားဖြေဆိုသူများက အဓိပ္ပါယ်ဖွင့်ဆိုကြပါသည်။ ဒီနာမည်က နယ်ကသူတွေအတွက် မှတ်မိဖို့ လွယ်ကူနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ "တိုးတိုးလေး" ရယ်၊ "ဝါး" ရယ်ကို တွေးမိကြမှာမို့ပါ။

> "'Sure" *ဆိုတာက အားလုံးအတွက် လွယ်ကူစေပါတယ်။ ကျွန်တော်တို့အားလုံးနဲ့လည်း "ရှူး" နဲ့ "ဝါး" က ဆပ်စပ်မှု ရှိတယ်။ "ဝါး" ဆိုတာလည်း အားလုံးက သိသလို "ရှူး" ကလည်း အများသိတဲ့ ဟာပဲ။ ရှူးတိုးတိုးလို့ ကျွန်တော်တို့ပြောလေ့ရှိကြတာပဲ။ ဒါကြောင့် နယ်ကလူတွေတောင် လွယ်လွယ်နဲ့ အသံထွက်တတ်သလို၊ လွယ်လွယ်မှတ်မိနိုင်တယ်။"* **: အမျိုးသားများနှင့်ဆွေးနွေးပွဲ၊**

**(၄)** အစီရင်ခံစာရေးသားသူသည် ဖတ်ရှုမည့်သူများ အငြင်းပွားစရာဖြစ်လာနိုင်သည်များကိုလည်း နောက်ဆုံး အစီရင်ခံစာမပြီးခင် သေချာရှင်းလင်းအောင် ရေးသားရင်း၊ ဖတ်ရှုရင်း၊ စစ်ဆေးရင်းဖြင့် ရေးသားထားရပါမည်။ အငြင်းပွားစရာအများအပြား ဖြစ်လာနိုင်သည့်ကိစ္စများထဲမှ အချို့ကိစ္စများတွင် ဖြေဆိုသူ "စံ" သတ်မှတ်ချက်များ (Respondents' Criteria) သည်လည်း အရေးကြီးသည့်အချက် ဖြစ်သောကြောင့် သုတေသနစီမံချက် စတင်စဥ်ကတည်းက ဦးတည်အုပ်စုဝင်များ၏ စံ များကို (အဓိပ္ပါယ်ဖွင့်ဆိုချက်များ) သေချာသတ်မှတ်ပြီး မေးမြန်း ခဲ့ရပါမည်။

**ဥပမာ - "စံ" သတ်မှတ်ချက်များကို သတိပြုရေးသားဖော်ပြခြင်း (ဥပမာ-လယ်သမား အကြီး၊ အလတ်၊ အသေးစား စသဖြင့် အချက်အလက်မကောက်ယူခင် အဓိပ္ပါယ်ဖွင့်ဆို ခွဲခြားထားမှု ရှိ။ မရှိ) နှင့် အနည်းစုလား၊ အများစုလား ဆိုတာကို သတိထား ရေးသားခြင်း၊ (အဆိုပါနေရာများတွင် ဥပမာ တရွာလုံးရှိ ဆင်းရဲသားများသာမက ချမ်းသာ သူများ၏ ပစ္စည်း ဥစ္စာအားလုံး (အကုန်) ဆုံးရှုံးသွားကြတာလား၊ ချမ်းသာသူ၊ လယ်သမားကြီးတချို့ပါ ဆုံးရှုံး သွားကြတာလား သေချာစွာသိရှိရန် အရေးကြီးပါသည်။ လယ်သမားကြီး တချို့ပါ ပိုင်ဆိုင်မှုများအားလုံး (ရွာတွင်း၊ ရွာပြင် လုပ်ငန်းများ၊ ငွေကြေး၊ ပစ္စည်းအကုန်) ဆုံးရှုံးသွားကြသည်ဆိုလျှင် ထောက်ပံ့မှုလိုအပ်သည်မှာ အငြင်းပွား စရာ မလိုတော့ပါ။ လက်တွေ့မှာ "လယ်သမားကြီးများ" ကို ထောက်ပံ့သင့်၊ မထောက်ပံ့သင့်ဆိုသည့် သုတေသီ၏ အကြံပြုချက်ကိုလည်း "နိဂုံးချုပ်နှင့် အကြံပြုချက်များ" အခန်းတွင် သေချာစဥ်းစားပြီးမှ ရေးသားသင့်ပါသည်။)**

**<u>တွေ့ရှိချက် (၁)</u> – နာဂစ်မုန်တိုင်းပြီးနောက် ထောက်ပံ့ပေးမှုအခြေအနေများကိုလေ့လာခြင်း၊**

ရွာများမှ ဘောက်သမားများသည် အဖွဲ့အစည်းများမှ အထောက်အပံ့များကို မှီခိုလွန်းနေပြီး၊ အလုပ်လုပ်လိုစိတ် သိပ်မရှိကြဟု သိရပါသည်။ လယ်သမားကြီးများသည် လုပ်သားငှားရမ်းခများကို မတတ်နိုင်သဖြင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် စိတ်ဖိဆီးနေကြပါသည်။ ဘောက်သမားများအပြင် လယ်သမားကြီးများကိုလည်း ထောက်ပံ့သင့်ကြောင်း ထောက်ပြပြောဆိုခဲ့ကြပါသည်။

**(၄)** ဆွေးနွေးပွဲများမှ မှတ်စုများသည် Transcript များကဲ့သို့ စုံလင်စွာ ရေးသားထားခြင်း မဟုတ်သောကြောင့် တချက်ချင်းစီကို သေချာဖတ်ရှုရပါမည်။ တချို့ မှတ်စုများကို သေချာစွာ ဂရုစိုက်ဖတ်ရှုခြင်းဖြင့် တွေ့ရှိချက်အများအပြား ထွက်လာနိုင်ပါသည်။ မေးခွန်းများမေးစဥ်အခါက အကြောင်းပြချက်ခပ်များများကို မမေးမိတာလား၊ မှတ်စုရေးမှတ်သူ ကျန်ခဲ့တာလား ဆိုသည်ကို ပြန်လည်စစ်ဆေးပြီး လိုအပ်သလို ဖြည့်စွက်ရေးသားနိုင်ပါသည်။

**ဥပမာ (မှတ်စု) - မိဘများနှင့်တွေ့ဆုံဆွေးနွေးခြင်း**

မိဘတွေက ဆရာ/မတွေနဲ့တော့ တွေ့ဖြစ်ပါတယ်။ ဆရာမအိမ်နဲ့ကလည်း နီးတာကိုး၊ မိဘက အလုပ်မအားတဲ့အခါ ကလေးကိုကျောင်းလိုက်မပို့နိုင်တော့ ဆရာမနဲ့ထည့်ပေးရတယ်။ အလုပ်မအားတဲ့အခါ ဆိုရင်လည်း မတွေ့ဖြစ်ဘူး။ <u>တွေ့ဖြစ်ရင်တော့ ဆရာ/မတွေက ကလေးကို စာတွန်းပေးဖို့ (အိမ်မှာစာကျက်ခိုင်းဖို့) ပြောတယ်။</u> မိဘက ဆရာမကိုလည်းပြောပါတယ်။ ကလေးတွေကို ကိုယ့်သားသမီးလို သဘောထားပြီး ရိုက်နှက်ဆုံးမနိုင်ပါတယ်ပေါ့။ ဆရာ/မတွေက တာဝန်ကျေပါတယ်။ ကလေးတွေ ကျောင်းပျက်ရင်လည်း မိဘကိုခေါ်ပြီး ကလေးဘာကြောင့် ကျောင်းပျက်တာလဲလို့ခေါ်ပြီးဆွေးနွေးတယ်။ ကျောင်းအရမ်းပျက်တဲ့ ကလေးတွေကို ကျောင်းမှန်မှန်တက်ဖို့ ပြောတယ်။ မိဘတွေက ကျောင်းကို လွှတ်ပေမယ့် ကလေးတွေကလမ်းမှာဆော့ပြီး ကျောင်းမရောက်လာတာလဲ ရှိတယ်။

<u>**တွေ့ရှိချက်များ၊ သုံးသပ်ချက်ခွဲခြားရန် (မိမိကိုယ်တိုင် အကြိမ်ကြိမ်ဖတ်ရှုစဥ်းစား၊ ရေးသားရန် လိုအပ်ပါသည်)**</u>

၁) ဆရာ/မ များနှင့် မိဘများ တွေ့ဆုံမှုများ ရှိပါသည်။

၂) မိဘတွေအနေနဲ့ ကလေးတွေရဲ့ ပညာရေးကို ပူးပေါင်းပါဝင်မှုအားနည်းကြောင်း တွေ့ရသည်။ **(ကျိန်းသေမှုရှိမရှိ မေးမြန်း/ ဖတ်ရှုပြီး သတိပြုရေးသားရန်)** ဆရာမဘက်ကတော့ တတ်နိုင်သလောက် ကျောင်းမှာရော၊ ကျောင်းပြင်ပမှာပါ သူတို့တတ်နိုင်သလောက် ကလေးတွေကျောင်းတက်မှန်နိုင်ရန်ကဲ့သို့ ကူညီမှုများကိုတွေ့ရှိရသည်။

၃) ကျောင်းတွင်း ဆရာ/မများ၏ ရိုက်နှက်ဆုံးမမှုများကို မိဘများဘက်မှ အကောင်းမြင်မှုများ ရှိနေသေးကြောင်း တွေ့ရှိရပါသည်။

၄) အကြောင်းပြချက်များ၊ ဥပမာများ ထပ်ရှိသေးလား ဆိုတာကို မှတ်စု ရေးမှတ်သူများ၊ ဦးဆောင်ဆွေးနွေးသူများအား စဥ်းစားခိုင်းရန်။ အသံသွင်းဖိုင်များကို ပြန်လည် နားထောင်ရန်။

**(၃)** သုတေသနတွင် အချက်အလက်များကို စုစည်းဖော်ပြခြင်းဟု အဓိပ္ပါယ်ဖွင့်ဆိုထားကြပါသည်။ တူရာတူရာနှင့် ဆန့်ကျင်ဖက် တွေ့ရှိချက်များကို စုစည်းရေးသားခြင်းများ (ရိုးရိုး Findings များ) ပြုလုပ်မှုများအပြင် Interpretation ပြုလုပ်ခြင်း၊ အတွင်းကျကျ သုံးသပ်တွေ့ရှိချက်များ (Key Insights) များဖြင့် အလျင်းသင့်သလို စဥ်းစားထည့်သွင်းရေးသားကြပါသည်။ နောက်တမျိုးထပ်ပြောရလျှင် သုတေသနပြု လေ့လာမှုမှ “ဘာတွေဖြစ်ပျက်နေပါသည်” ဆိုတာတွေကို စုစည်းရေးသားမှုမျိုး၊ Interpretation နှင့် Key Insights ဆိုရာတွင် “ဘာကြောင့်အဲ့ဒါတွေ ဖြစ်ပျက်နေရသည်”၊ “ဘာတွေက အရေးပါ၊ အရေးကြီးသည်” (တွေ့ရှိချက်များ) နှင့် “အဲ့ဒါနဲ့ပတ်သတ်ပြီး ဘာတွေဆက်လုပ်ရန်” (အကြံပြုချက်အတွက်) ဆိုတာမျိုးတွေကို အတွင်းကျကျ

နားလည်နိုင်စေရန် ရေးသားမှုကို ဆိုလိုပါသည်။ အရေးကြီးသည့်အချက်မှာ မိမိ အတွင်းကျကျ သုံးသပ်တွေ့ရှိချက်များ (Key Insights) ရေးသားမှုများသည် ဖြေဆိုသူများပြောဆိုမှုများနှင့် လုံးဝ လွဲချော်နေမှု/ လွတ်ကင်းနေမှုတော့ မဖြစ်ပါစေနှင့်။

အောက်ပါ တွေ့ရှိချက်များနှင့် Quote များကို သေချာစွာ ဖတ်ရှုပြီး နားလည်စေနိုင်ပါမည်။ ရေးသားမှု အတွေ့အကြုံများများ ရလာလေလေ၊ Insights များ ပိုမို စဉ်းစားရေးသားလာနိုင်လေ ဖြစ်ပါမည်။

**ဥပမာ - လူငယ်များ၏ အပြုအမူနှင့် မီဒီယာ အသုံးပြုမှု အခြေအနေများကို လေ့လာခြင်း၊**

<u>**တွေ့ရှိချက် (၁)**</u> **–** Continuing education among Myanmar youth appeared to depend on their family's financial status.

> *"When I passed high school, my parents asked me to find a job and they wanted me to continue my education while I was working.":* **Non-Media Savvy Male, 20-24 yro, Taunggyi**
> *"I want to continue my study until high school graduation, if my parents are in asound financial condition."* : **Media Savvy Male, 15-19 yro, Taunggyi**
>
> *"I'd like to take the course called I.T.E.C but the education expenses are so high that my parents could not effort it.*" : **Media Savvy Female, 20-24 yrs, Yangon**

<u>**တွေ့ရှိချက် (၂)**</u> **-** လူပျို၊ အပျိုဖြစ်လာသည်နှင့် ယခင်နေထိုင်၊ ကစားကြသည့်ပုံမှန်လုပ်ကိုင်နေမှုများ မပြုလုပ်ကြရတော့ပဲ၊ အနေအထိုင်များ ပိုမိုဆင်ဆင်ခြင်ခြင်နေထိုင်လာကြရပါတယ်။ <u>**အထူးသဖြင့် မိန်းကလေးတွေ အပျိုဖြစ်လာတာနဲ့ သူတို့ဘဝမှာ ယောကျာ်းလေး ကစားဖော်တွေ ပျောက်ကွယ်ခဲ့ရပါတယ်။**</u>

> *"တနေ့မှာ ကျွန်မတို့သူငယ်ချင်းတွေ ယောကျာ်းလေးသူငယ်ချင်းတွေနဲ့ပါ နဲ့အတူ ကစားနေရင်းနဲ့ ရုတ်တရက် ကိုယ့်ဖာသာ သတိထားမိပြီး၊ အိမ်ပေါ်တက်ပြေးသွားခဲ့တယ်။ အမေ့ကို ကျွန်မ ကိုယ်မှာသွေးတွေထွက်နေတယ်လို့ ပြောလိုက်တယ်။ အဲ့မှာ အမေက နင်ဒီနေ့ကစပြီး ယောကျာ်းလေးတွေနဲ့ မကစားရတော့ဘူး။ ထမီပဲ ဝတ်ရတော့မယ်၊ အိမ်ထဲမှာနေရတော့မယ်။"* : **အမျိုးသမီးငယ်များနှင့် အုပ်စုလိုက်ဆွေးနွေးပွဲ-ရန်ကုန်။**

<u>**တွေ့ရှိချက် (၃)**</u> - ပြည့်တန်ဆာများနှင့် အုပ်စုလိုက် လိင်ဆက်ဆံခြင်းနှင့် အကြမ်းပတမ်းလိင်ဆက်ဆံခြင်း များ ပြုလုပ်သကဲ့သို့ သူတို့ရည်းစားတွေနဲ့လည်း အတင်းအကျပ်လိင်ဆက်ဆံမှုများ ရှိတယ်လို့ တချို့လူငယ် ယောကျာ်းလေးတွေက ပြောပြခဲ့ကြပါတယ်။ <u>**ယောကျာ်းလေးများ၏ လိင်ပိုင်းဆိုင်ရာ ဆုံးဖြတ်ချက်များတွင် လွှမ်းမိုးနေသော အထောက်အထားအနေနှင့် မလေးမစား၊ တာဝန်ယူမှုမရှိသော လိင်ဆက်ဆံမှု အလေ့အထများ ရှိနေပြီး၊ မိန်းကလေးများရဲ့ခုခံနိုင်စွမ်းမရှိမှုများလည်း တိုးပွားလာကြပါတယ်။**</u>

**(ဖ)** မှန်ကန်ပြည့်စုံသော တွေ့ရှိချက်များရေးသားရာတွင် မေးခွန်းများမေးမြန်းခဲ့စဥ်ကတည်းက ဦးဆောင်ဆွေးနွေးသူမှ အဖြေများ ပြတ်သားရှင်းလင်းအောင် ဥပမာများတောင်းပြီး စေ့စေ့စပ်စပ်မေးမြန်းခဲ့ခြင်း (Strong Probing Skill) က အရည်အသွေးနှင့်ဆိုင်သောသုတေသန၏ အဓိကအရေးကြီးသည့်အချက်ဖြစ်ပါသည်။ ဥပမာ - ပါဝင်ဖြေဆိုသူများမှ "သိတယ်" ရှင်းတယ်"၊ "နားလည်တယ်" ဟု ဖြေဆိုမှုများကို ဦးဆောင်ဆွေးနွေးသူမှ ဖြေဆိုသူအား "ဘယ်လို နားလည်တယ်" ဆိုတာကို ဆက်လက် မေးမြန်းခဲ့ရပါမည်။ ဆက်လက်မေးမြန်းခဲ့ပါမှ တကယ် နားလည်၊ မလည်နဲ့ မှန်၊ မမှန် ကို သိရှိပါမည်။ ထို့နောက် တွေ့ရှိချက်များ ရေးသားရာတွင် ၎င်းတို့နှင့် ဆွေးနွေးစဥ်အခါက "နားမလည်" ဟု သိရှိပါက နားမလည်ဟုသာ ရေးသားရပါမည်။ ရှင်းပြရန် ဆွေးနွေးသူမှ ထပ်မံမေးမြန်းခဲ့ပါက "နားလည်ကြသည်" ဟုသာ တွေ့ရှိချက်တွင် ရေးသားဖြစ်သွားပါမည်။

**ဥပမာ - သင်တန်းလမ်းညွှန်စမ်းသပ်ခြင်း လေ့လာမှု**

မေး - ဒီမှာ ရေးထားတဲ့ "အဖွင့်၊ အပိတ် မေးခွန်း" ဆိုတာကို နားလည်လား။

ဖြေ (အများစု) - နားလည်တယ်။

မေး - ကျွန်တော်ရှင်းသွားအောင်လို့ ဘယ်လို နားလည်တယ်ဆိုတဲ့ဟာလေးကို ပြောပြပေးပါဦး။

ဖြေ - "အဖွင့်" ဆိုတာ "မိတ်ဆက်" တာမျိုးပေါ့။ အပိတ်" ဆိုတာမျိုးကျ "နှုတ်ဆက်" တာမျိုးပေါ့။

## (၅) QUOTATIONS (QUOTES)

- ❖ အရည်အသွေးနှင့်ဆိုင်သောသုတေသနအစီရင်ခံစာတစောင် (Qualitative Research Report) တွင် တိုက်ရိုက်ပြောသောစကားများ (Quotes) မဖြစ်မနေ ပါဝင်နေရပါမည်။
- ❖ တွေ့ရှိချက်များ (Text များ) ကို မရေးခင် Quotes Ending file တစ်ခု ပြုလုပ်ထားရပါမည်။ သို့မှသာ ကူးယူပြီး၊ Quotes များနောက်တွင် မမှားယွင်းပဲ၊ တူညီစွာ၊ လျင်မြန်စွာဖြင့် (ဦးတည်အုပ်စုများသာ ပြောင်းပြီး) ထည့်သွင်းနိုင်ပါမည်။
- ❖ Quotes များကို Text အောက်ကထည့်ရာတွင် Location, Target group များပြည့်စုံအောင်၊ ထည့်ရပါမည်။ တစ်နေရာ Location တစ်ခု Target group တစ်ခုထဲမှ မဖြစ်စေရပါ။ သတိထားရမည်မှာ လူနာမည်များ မပါစေရန် ဖြစ်ပါသည်။ (Confidentiality နှင့် Client request ကြားတွင် Target group-Quotes Ending ကို ပြည့်စုံအောင် ချိန်ဆ ဖော်ပြပေးပါ)
- ❖ Location (သို့) Target group တစ်ခုထဲမှ Quotes များရှေ့နောက်ထပ်ခါ၊ ထပ်ခါမပါစေရန် သတိပြုရပါမည်။ ထို့အပြင် Text တစ်ခုအတွက် Location ၂ခုမှ အကြောင်းအရာတူ Quotes များကို မထည့်ရပါ။
- ❖ Quotes များကို တွေ့ရှိချက် စာပိုဒ်များနှင့် ရှုပ်ထွေးမနေစေရန်၊ တိုက်ရိုက်ပြောစကားမှန်း ထင်ရှားအောင် စာလုံးစောင်း (Italic)၊ ("..")၊ (Tab) တချက်ခုန်ရေးပြီး နောက်ကနေ အဆုံးသတ်အတွက် Location (သို့) Target group များကို ပုံမှန်အတိုင်းရိုက်ပြီး (Bold) လုပ်ထားပါသည်။
- ❖ တွေ့ရှိချက်တခုအတွက် Quotes များထဲမှ Good Quote ကိုသာ ရွေးချယ်ဖော်ပြသင့်ပါသည်။ ဥပမာ - "တချို့စာပိုဒ်တွေမှာ <u>အတုံးလိုက်အတစ်လိုက်</u>ရော၊ ရှိသမျှ အင်္ဂလိပ်<u>စကားလုံးတိုင်း</u>ကို ဘာသာပြန်ထားတော့ ဒီစာအုပ်မှာ ရေးထားတာတွေ မြန်မာလိုကိုပဲ ဘာမှကို နားမလည်တော့ဘူး။"

**ဥပမာ (၁) -**

Franchising was a concept well understood by respondents in both research locations. --------

> *"A franchising service is just like "Than Kywe" teashop which is very famous in Yangon and there are many teashops bearing the same name. -----"*: **Yangon Non-Clinic User Female, 20-24yro**
>
> *"It is the same as "Nilar" which has many shops open but the taste is the same, good to eat."* : **Yangon Clinic User Female, 20-24yro**

- ❖ Text များတွင် တွေ့ရှိချက်အကြောင်းအရာတစ်ခု၊ နှစ်ခုထက်ပိုနေပါကလည်း၊ Quotes ကို တစ်ခုလောက်သာပြပါက ရပါသည်။ သုတေသနအစီရင်ခံစာ၏ စာမျက်နှာအနည်းအများပေါ် မူတည်၍၊ ပြောကြားချက်များ၏ထူးခြားချက်ပေါ်မူတည်၍ Quotes များကို ထည့်သွင်းနိုင်ပါသည်။

**ဥပမာ (၂) -** Suppose research objective is to gain understand of Myanmar housewives and shopping behavior, the example of using quotes is as follows:

<u>Main finding</u> – Most of the housewives go to local wet market every morning.

<u>Direct quotes</u> – "*Every morning I go to the market nearby my house, to buy vegetable for my family"*. **Housewife with 5 children, low SEC, low education, live in peri-urban township**

## VII. ES., CONCLUSION & RECOMMENDATIONS, MAIN FINDINGS များကို နှိုင်းယှဥ်လေ့လာခြင်း၊

အစီရင်ခံစာတစ်ခုတွင် ပါဝင်မည့် မတူညီသောခေါင်းစဉ်များအောက်တွင် (အဓိကအကျဥ်းချုပ်၊ နိဂုံးချုပ်နှင့် အကြံပြုချက် များ၊ ရှာဖွေတွေ့ရှိချက်များတို့ကို) ပါဝင်သောအကြောင်းအရာများနှင့် ရေးသားပုံတို့အား (အောက်ပါ အချို့စာပိုဒ် အနည်းငယ်ဖြင့်) နှိုင်းယှဉ်လေ့လာကြည့်နိုင်ရန် ဖော်ပြလိုက်ပါသည်။

**ဥပမာ (၁) - Insert Pre-testing Study (ဆေးအညွှန်းစာရွက် စမ်းသပ်ခြင်း-လေ့လာမှု)**

### EXECUTIVE SUMMARY

### Doubts

ပါဝင်ဆွေးနွေးသူတွေရဲ့ ယခင်ကာလသားရောဂါအတွေ့အကြုံတွေက ဆေးအညွှန်းရဲ့အချက်တွေကို ကျော်လွှန်ပယ်ချခဲ့ပါတယ်။ ကာလသားရောဂါလက္ခဏာတွေကို ကုနေကျမှာ ဆေးသောက်၊ ဆေးကုရတဲ့ ကြာချိန်ဟာ ရှည်လျားလေ့ရှိပါတယ်။ ဒါကြောင့် ဒီဆေးအညွှန်းမှာ ညွှန်ကြားထားတဲ့ဆေး တစ်ခါသောက်ရုံ၊ ထိုးရုံနဲ့ လုံးဝပျောက်ကင်းအောင် ကုသနိုင်တယ်ဆိုတာကို တွေ့ရတာဟာ ဆွေးနွေးသူအများစုကို လက်ခံယုံကြည်မှုမရှိစေပါဘူး။

ဆွေးနွေးပွဲ ၂ ခု လုံးရဲ့ပါဝင်ဆွေးနွေးသူတော်တော်များများကိုလည်း တပတ်အတွင်း သူတို့ကိုကုသ ပေးနိုင်တယ်ဆိုတာကို လက်မခံပါဘူး။ အကြောင်းကတော့ တကယ်လို့ရောဂါလက္ခဏာတွေ ထပ်ပေါ်လာရင်ဆရာဝန်ဆီပြန်ပြဖို့ လိုအပ်တယ်လို့ပြောတဲ့အချက်ဟာ မိန်းကလေးတွေထက် ယောကျာ်းလေးတွေကို ရှုပ်ထွေးနေစေပြီး၊ ဆေးရဲ့အာနိသင်ဖော်ပြထားတာကို သံသယဝင်စေပါတယ်။

တကယ်လို့ဆေးကို သောက်တာထက်၊ ဆေးကိုဖောက်ပြီးအမှုန့်ကို ရောဂါဖြစ်နေတဲ့လိင်အင်္ဂါမှာ လိမ်းနိုင်လားလို့ ပါဝင်ဆွေးနွေးသူ ယောကျာ်းလေးတချို့က သိချင်ကြပါတယ်။

ဆွေးနွေးသူတော်တော်များများက အစွမ်းထက်တဲ့ဆေးတွေဆိုရင် ဆေးဆိုင်တွေမှာ ကျယ်ကျယ်ပြန့်ပြန့် ရနိုင်လိမ့်မယ်လို့ မျှော်လင့်ခဲ့ကြပါတယ်။ ဒီဆေးတွေဟာ နေဆေးခန်းတွေမှာပဲ ရနိုင်တယ်လို့ သိထားပေမယ့်လည်း ဆိုင်အကြီးကြီးတွေမှာ ရနိုင်လိမ့်မယ်လို့ မျှော်လင့်နေကြတုန်းပါပဲ။

### CONCLUSION AND RECOMMENDATIONS

### Conclusion

အကြောင်းပြချက် (၂) ခု ရှိနေခဲ့သောကြောင့် ဆေးတွေရဲ့အာနိသင်ရှိမှုကို ပါဝင်ဆွေးနွေးသူတွေက သံသယဝင်ကြပါတယ်။ အရင်ကအတွေ့အကြုံတွေအရ ဆေးကုသတဲ့အချိန်ကြာခဲ့တာကြောင့် သူတို့ရဲ့ ကာလသားရောဂါကို ဆေးတစ်ခွက်သောက်ရုံ၊ ထိုးရုံနဲ့ လုံးဝသက်သာပျောက်ကင်းဖို့အတွက် လုံလောက်တယ်ဆိုတာအပေါ် သံသယရှိကြတာပါ။ ဒုတိယအနေနဲ့ကတော့ အကယ်၍တပတ်အတွင်း မပျောက်ခဲ့ရင်ဆရာဝန်ဆီ ပြန်ပြခိုင်းတာဟာ ဆေးအညွှန်းထဲက ကြော်ငြာထားသလို ဆေးရဲ့အကျိုး အာနိသင် ထက်ချင်မှ ထက်မယ်လို့ သံသယဖြစ်စေတဲ့ အချက်တစ်ခုပါပဲ။

## Recommendations

- ကုသပေးမယ့်ကာလသားရောဂါ ပြင်းထန်မှုအပေါ်မူတည်ပြီးတော့ ပျောက်ကင်းချိန် ကွဲပြားနိုင်တာနဲ့ ပတ်သတ်တဲ့အချက်အလက်တွေကို ဆေးအညွှန်းစာရွက်တွင် ပါဝင်နေစေရန်။

**ဥပမာ (၂) - ကာလသားရောဂါ ကုသသည့်ဆေးအပေါ် မြင်သည့်အမြင်များကို လေ့လာခြင်း၊**

**အဓိက ရှာဖွေတွေ့ရှိချက်များ (MAIN FINDINGS)**

**မေးစရာများနှင့် သံသယများ**

အဓိကသိစေချင်တဲ့ အချက်အလက်တွေရဲ့ ပိုရှင်းပြထားတာမျိုးတွေကို ပါဝင်ဆွေးနွေးသူတွေက ရှာဖွေခဲ့ကြပါတယ်လို့ သူတို့ရဲ့ မေးမြန်းခဲ့တဲ့မေးခွန်းပုံစံတွေက ညွှန်ပြနေပါတယ်။ အဲဒီအချိန်မှာ ပါဝင်ဆွေးနွေးသူတွေရဲ့ ယခင်ကာလသားရောဂါအတွေ့အကြုံတွေက ဆေးအညွှန်းရဲ့အချက်အလက်တွေကို ပယ်ချခဲ့ပါတယ်။ ဥပမာအားဖြင့် အရင်က ကာလသားရောဂါလက္ခဏာတွေကို ကုရင်အချိန် ကြာပါတယ်။ ဆေးတစ်ခါသောက်၊ တစ်ခါထိုးရုံနဲ့လိင်အင်္ဂါအနာ၊ ပြည်ယိုဆင်းတာတွေကို လုံလုံလောက်လောက်နဲ့ အချိန်တိုအတွင်း သက်သာပျောက်ကင်းစေမယ်ဆိုတာက ဆွေးနွေးသူတွေအတွက် သက်ာမကင်းစရာတွေအဖြစ် ကျန်ရစ်ခဲ့ပါတယ်။

> "*တကြိမ်တခါထဲ သောက်ရုံ၊ ထိုးရုံနဲ့ ဒါကိုလုံးဝကုသဖို့လုံလောက်တယ်လို့ ကျွန်မ မထင်ဘူး။ ဒါဟာလုံးဝကုသနိုင်တယ်လို့ ကျွန်မတို့ဘယ်လိုပြောနိုင်မလဲ။ ပြီးတော့ ဒါကဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ။ ကျွန်မထင်တာတော့ အနည်းဆုံး (၃) ကြိမ်လောက်သောက်မှ၊ ထိုးမှသာ လုံးဝပျောက်ကင်းနိုင်မှာ။*" **: ဆွေးနွေးပွဲ-၂၊ အမျိုးသမီး SW၊ အသက် ၂၀-၃၀နှစ်**

ထို့ပြင် စ ကုသတဲ့တပတ်အတွင်းမှာ သူတို့ရဲ့ကာလသားရောဂါကို ကုသနိုင်တယ်ဆိုတာကိုလည်း ဆွေးနွေးပွဲ (၂) ခုလုံးက ဆွေးနွေးသူတွေက လက်မခံကြပါဘူး။ တကယ်လို့ရောဂါလက္ခဏာတွေ ထပ်ပေါ်လာရင် ဆရာဝန်ဆီထပ်ပြဦးမယ်ဆိုတာက ဒါကိုဖြည့်စွက်ပေးလိုက်တာဖြစ်ပြီး၊ ဒီဆေးရဲ့အာနိသင် ထက်မြက်မှုကို သံသယဝင်စေပါတယ်။

> "*ကျွန်တော် ဘာကိုစိတ်ဝင်စားသလဲဆိုတော့ ဆေးရဲ့အာနိသင်ထက်မှုကိုပါပဲ။ ၁ ရက် (သို့) ၂ ရက်ထဲနဲ့ တကယ်ရောဂါကို ကုသနိုင်ပါ့မလား။ တကယ်လို့ကျွန်တော်က ကွန်ဒုံးမသုံးလို့ ရောဂါရခဲ့ရင် ဒီဆေးက ကုနိုင်ပါ့မလား။* " **: ဆွေးနွေးပွဲ-၁၊ ယောကျာ်း၊ အသက် ၂၀-၃၀ နှစ်**

> "*ဆေးအညွှန်းထဲပြောတာက တကြိမ်ထဲတဲ့။ ဘယ်လိုပြောရမလဲ။ ကျွန်မ ဒီနေ့ရောဂါရှိတယ်။ ဒီဆေးကိုတကြိမ်ထဲ ဒီနေ့သောက်၊ ဒီရောဂါပျောက်တယ်လို့ပြောတာနဲ့အတူတူပဲ။ ဒီရောဂါပြန်မထဘူးလို့ ကျွန်မတို့ ဘယ်သေချာပြောနိုင်မလဲ။ တကယ်လို့ပြန်ဖြစ်ရင် နောက်တစ်ခါပြန်သောက်ရမှာပေါ့။ ဒါကြောင့်ဒီဟာသောက်ရင် တကြိမ်ထဲနဲ့ အမှန်တကယ်ပျောက်မှာ မဟုတ်နိုင်ဘူး။*" **: ဆွေးနွေးပွဲ-၂၊ အမျိုးသမီး SW၊ အသက် ၂၀-၃၀ နှစ်**

တကယ်လို့ဆေးကိုသောက်တာထက်၊ ဆေးကိုဖောက်ပြီးအမှုန့်ကို ရောဂါဖြစ်တဲ့လိင်အင်္ဂါမှာ လိမ်းနိုင်လားလို့ ဆွေးနွေးသူယောကျ်ားလေးတချို့က သိချင်ကြပါတယ်။ အရင်က သူတို့အဲလို တစ်ခါတစ်လေ ကုသဖူးခဲ့ကြလို့ပါ။

"*ရောဂါရှိတဲ့အခါ ကျွန်တော့်လိင်တံအနာကို ဒီဆေးနဲ့လိမ်းနိုင်လား၊ မလိမ်းနိုင်လားဆိုတာကို ကျွန်တော်တော့ အံ့သြနေတယ်။ တကယ်တမ်း ကျွန်တော်ဂနိုဖြစ်တုန်းက ပင်နဆလင် သောက်တယ်။ နောက်ထပ် သေးပေါက်တယ်။ ပြီးတော့ တကယ်လို့အနာရှိရင် ပင်နဆလင်ကို ကြိတ်၊ အမှုန့်ကို အုန်းဆီနဲ့ ရောပြီးအနာကို လိမ်းလိုက်တာပဲ။*" **: ဆွေးနွေးပွဲ-၁၊ ယောကျ်ား၊ အသက် ၂၀-၃၀ နှစ်**

တကယ်လို့ ဒီဆေးဟာ ဆေးဆိုင်ကြီးတွေမှာ ရခဲ့ရင်၊ နေရာအနှံ့ရနိုင်မှာလားလို့ သူတို့မျှော်လင့်နေတာကို ဆွေးနွေးသူတော်တော်များများက မေးခဲ့ကြပါတယ်။

"*ဒီဆေးက (--တံဆိပ်) အဲ့ဆေးခန်းမှာပဲ ရတယ်ဆိုတာကို အံ့သြတယ်။ ဘာဖြစ်လို့ တခြားဆေးဆိုင်တွေမှာ မရတာလဲ။ ဆေးဆိုင်ကြီးတွေမှာ ဆေးမျိုးစုံအောင် ရနိုင်ပါတယ်။*" **: ဆွေးနွေးပွဲ-၁၊ ယောကျ်ား၊ အသက် ၂၀-၃၀ နှစ်**

ဒီဆေးရဲ့ဈေးနှုန်းဟာ သူတို့လက်လှမ်းမမှီမယ့်အခြေအနေနဲ့ပတ်သတ်ပြီး၊ ဆွေးနွေးသူအများစုက သူတို့ရဲ့အလေးထားစရာ ကိစ္စအဖြစ်ဖော်ပြခဲ့ကြပါတယ်။ သူတို့အမြင်ကတော့ တကယ်လို့ပြောထားတဲ့ အတိုင်း ဒီဆေးက အာနိသင်ထက်ရင် ဒီဆေးဟာ ဈေးကြီးမှာပါပဲ။

"*ဈေးနှုန်းကလည်း စဉ်းစားစရာပါပဲ။ ချမ်းသာတဲ့လူတွေအတွက် အကြောင်းမဟုတ်ပေမယ့်၊ ကိုယ်တွေ အတွက်တော့ တခြားစီပဲ။ တကယ်လို့ ဈေးကြီးရင်၊ ကျွန်တော်တို့ မသုံးနိုင်ဘူး။ ၁၀၀၀၊ ၂၀၀၀ လောက်ဆိုရင်တော့ သုံးနိုင်ပါတယ်။ ဒါကြောင့်ဈေးကြီးရင်တော့ ဆေးဆိုင်ကိုပဲ အားကိုးပြီး၊ ကိုယ့်ဟာကိုယ် ကုရတော့မှာပဲ။*" **: ဆွေးနွေးပွဲ-၁၊ ယောကျ်ား၊ အသက် ၂၀-၃၀ နှစ်**

တချို့ဆွေးနွေးသူယောကျ်ားလေးတွေကတော့ လိင်အင်္ဂါအနာရောဂါကုသဖို့အတွက် တကြိမ်ပဲ ထိုးရမယ်လို့ ဖတ်ထားပေမယ့်လည်း အပ်ဘေးမှာ ဆေး ၂ ပုလင်းပုံက သူတို့အတွက် ရှုပ်ထွေးစေပါတယ်။

"*ဒီဆေးတွေကို ဘယ်လိုသောက်ရမယ်ဆိုတာကိုမရှင်းပါဘူး။ ဆေးအညွှန်းကတကြိမ်ထဲ သောက် ရမယ်လို့ပြောထားတယ်။ ဒါပေမယ့်အဲဒီမှာ ဆေး ၂ ပုလင်းက ၁ ကြိမ်ထိုးဖို့နဲ့၊ ပြီးတော့အဲဒါတွေကို ဘယ်လိုသုံးရမလဲလို့ ရေးမထားဘူး။*" **: ဆွေးနွေးပွဲ-၁၊ ယောကျ်ား၊ အသက် ၂၀-၃၀ နှစ်**

## VIII. အစီရင်ခံစာ ပြည့်စုံကောင်းမွန်အောင် စစ်ဆေးရန် အချက်များ၊ (Recheck)

အရည်အသွေးနှင့်ဆိုင်သော သုတေသနအစီရင်ခံစာတစ်အုပ်၏ ပထဆုံး အဓိကတွေ့ရှိချက်များတွင် စစ်ဆေးရန် အချက်များမှာ -

၁) မှတ်စုများ/ Overview/ Transcripts များကို အဆင်ပြေ/ အချိန်ရပါက ထပ်မံဖတ်ရှုပြီး တွေ့ရှိချက်များနှင့် တိုက်ဆိုင်စစ်ဆေးနိုင်ပါသည်။

၂) အများစုပြောသောစကား၊ အနည်းစုပြောသောစကား၊ ထင်မြင်ချက်များ၊

၃) တူညီသည့်၊ မတူညီသည့်အချက်များ၊ (အထူးသဖြင့် ဆန့်ကျင်ဖက် အမြင်များ/ တွေ့ရှိချက်များကို အကြောင်းပြချက် ခိုင်ခိုင်လုံလုံဖြင့် မေးမြန်း၊ ဖြေကြားထားမှုများကို ပြန်လည်သတိထား ဖတ်ရှု မှတ်သားထားရန်)

၄) ရှေ့နောက်တွေ့ရှိချက်များ ကျိုးကြောင်းညီညွတ်မှု ရှိ၊ မရှိ၊ (တွေ့ရှိချက်များကို မှတ်မိနေရန် လိုပါသည်)

၅) သာမန်တွေ့ရှိချက်များကို စုစည်းမှုများ၊

၆) နေရာဒေသအလိုက် နှိုင်းယှဉ်၊ ကွဲပြားခြားနားမှုများ၊

၇) ဦးတည် အုပ်စုများအလိုက် နှိုင်းယှဉ်မှုများ၊ (ကျား၊ မ/ စံ သတ်မှတ်ချက်များ - သုံးစွဲမှု၊ အမှတ်တံဆိပ်၊ အမျိုးအစား (Categories) စသဖြင့် တွေ့ရှိချက်ဖော်ပြထားမှုများ)

၈) ထူးခြားမှုများ (Significant) ပါ၊ မပါ။

၉) ခေါင်းစဉ်တစ်ခုအောက်မှ ထပ်ထည့်လိုသော ရှာဖွေတွေ့ရှိချက်များ၊ အကြောင်းအရာများ၊ အကြောင်းပြချက်များ ရှိ၊ မရှိ ဖတ်ရန်၊

၁၀) ခေါင်းစဉ်များ၊ အကြောင်းအရာအပိုဒ်များ ရှေ့နောက် အဆင်ချောမွေ့အောင် ရွှေ့သင့်၊ မသင့် စစ်ရန်၊

၁၁) အရေးအသားများ ချောမွေ့မှု၊ စာသားအား ဖတ်ရှုသူအတွက် ဆွဲဆောင်မှုရှိအောင် ပြင်သင့်သည်များကို ပြင်ရန်၊

၁၂) တိုက်ရိုက် အထောက်အပံ့ပြုသော ပြောစကားများ (Quotations) ကို တွေ့ရှိချက်များအောက်တွင် ထည့်သွင်းပေးရာ၌ အပေါ်အောက် ကိုက်ညီမှုရှိမရှိ၊ မှန်၊ မမှန်များကို ပြန်လှန်စစ်ဆေးရပါမည်။

၁၃) Secondary Data များမှ ရရှိထားသောအချက်များကို စစ်ဆေးခြင်း၊ လိုအပ်ပါက ထပ်မံထည့်သွင်းခြင်း၊

၁၄) Report အချောရေးပြီး၊ တစ်ခေါက်ဖတ်ပြီး၊ နောက် ၂ရက်၊ ၃ရက် မကြည့်ပဲ၊ ဒီအတိုင်းပစ်ထားပြီးမှ ရေးပြီးသည်များကို ပြန်လည်ဖတ်၍ ထပ်မံစစ်ဆေးမှုပြုလုပ်ရန် (သုံးသပ်ချက်အသစ်များ ရရှိနိုင်ပါသည်)

အကြမ်းထုတ်ပြီးသား ရှာဖွေတွေ့ရှိချက်များကို မိမိအဖွဲ့သားများအား ရှင်းပြခြင်း၊ ဖတ်ခိုင်းခြင်း၊ Feedback ပေးခိုင်းရန်။ အဓိက ၄င်းတို့ကို အကြံပေးရန်မှာ ခေါင်းစဉ်တစ်ခုအောက်မှ အကြောင်းအရာများအား အများစုလား၊ အနည်းစုလား၊ သုတေသနပြုလုပ်သော နေရာဒေသ စုံလင်စွာ ထည့်သွင်းထားမှု၊ Quote နှင့် ကိုက်ညီမှု ရှိမရှိ၊ ပါဝင်ဆွေးနွေးသူများ (Target group) မှန်၊ မမှန်၊ စုံ၊ မစုံကို စစ်ဆေးခိုင်းရန်၊)

## IX. PowerPoint Slides များဖြင့် အစီရင်ခံစာတစောင် ရေးသားခြင်း (နမူနာများ)၊

လူမှုဖွံ့ဖြိုးရေးဆိုင်ရာသုတေသန (Social Research) နှင့် စီးပွားရေးဆိုင်ရာ ဈေးကွက်သုတေသန (Market Research) များ၏ အစီရင်ခံစာများရေးသားသည့် ပုံစံတွင် ကွာခြားချက်များ ရှိပါသည်။ အထူးသဖြင့် ဈေးကွက်သုတေသနများတွင် ခပ်မြန်မြန်ဆုံးဖြတ်ချက်ချလိုသောကြောင့် လိုရင်းတိုရှင်းဖြစ်စေရန် PowerPoint Format ဖြင့် ရေးသားလေ့ရှိကြပြီး၊ လူမှုဖွံ့ဖြိုးရေးဆိုင်ရာသုတေသနများကို များသောအားဖြင့် Words Format (Narrative ပုံစံ) ဖြင့် ရေးသားဖော်ပြ ကြပါသည်။

PowerPoint Format ဖြင့် ရေးသားသည်ဆိုသော်လည်း တွေ့ရှိချက်များကို Final Report (Words Format (Narrative ပုံစံ) ဖြင့် မပေးခင် Presentation လုပ်သလိုမျိုး မရေးပဲ၊ တွေ့ရှိချက်များ၊ အကြံပြုချက်များကို ပြည့်စုံစွာ PowerPoint Slides များ၊ ရုပ်ပုံ (Visual များ)၊ တိုက်ရိုက်စကားများ (Quotes များ) ဖြင့် ဖော်ပြရပါမည်။

Findings Slides များတွင် Quotes အနည်းအကျဉ်းထည့်သွင်းရန် ဆန့်သောကြောင့် Quotes များများ ထည့်သွင်းရန် လိုအပ်ပါက အပို Slides များ ဖြင့် ထည့်သွင်းရေးသားလေ့ရှိပါသည်။

PowerPoint Format ဖြင့် ရေးသားထားသည့် အစီရင်ခံစာတစောင်လုံးကို ဖော်ပြရန် အဆင်မပြေနိုင်သောကြောင့် မြင်လွယ်နိုင်သော အကြောင်းအရာများဖြင့် ဥပမာပေး ဖန်တီး ဖော်ပြထားပါသည်။

ဥပမာ (၁)

More positive perception towards private banks about their services rather than government banks. As long as having more customers, then bank services had been weak gradually.



| Government Bank | Private Bank |
| --- | --- |
| **Lesser positive feedback :**<br>■ Weak in hospitality<br>■ Lesser Services (No ATM machines ….)<br>■ Need to fill in the documents (some forms)<br>■ Lesser branches (far away)<br>■ Waiting too long (apart from few banks)<br>■ Lesser customers<br>■ No one stop counter (Bureaucracy-red tape)<br>■ More trust worthy than Private Banks (Many Government employee and few Dependent)<br>➢ Few had experienced lost money as some banks like Asia Wealth Bank had bankruptcy<br>■ Some have government bank account (Farmers, Government Employees)<br>■ There is available Loan (Limited number of people aware because the farmer can receive the loan)<br>■ Few in Hpa-an did not know (rather than Bago, Taunggyi, Mandalay, Myitkyina, Pathein, Sittwe) | **More Positive feedback :**<br>■ Better hospitality<br>■ Many services available (Remittance, Saving, ATM, Credit Card)<br>■ Help to fill in the documents<br>■ Many branches<br>■ KBZ old experience, more trust worthy among other<br>■ Many customers<br>■ Few bank like UAB collect the saving money to homes in the urban (Mandalay)<br>■ Transfer for staffs salaries (Private companies)<br>■ Waiting time is shorter than government banks (except KBZ is longer waiting time than other private banks as there is many customers)<br>■ Not too differ services on the brands (KBZ Vs AYA Vs CB Vs Yoma)<br>■ Some services are few vary on the same brand (on each branches) (Mandalay)<br>■ Bank do not contact to the remittance receivers (any phone/ message) (Taunggyi), Made next day appointment to withdraw the remittance (Pathein)<br>■ They thought that ATM user could not be benefited any interest of their deposit (Even ATM Users) |

ဥပမာ (၂)

Far away from home, waiting long time, lesser amount of money which they deal are the main barriers to visit to the banks. Cash usage influential in the daily life is widely available in both urban and rural so the banks are not considerable in the daily capital flow.

**Barriers to Visit the Banks :**

- Do not have knowledge about the bank (detail procedure, services including benefits), (especially in rural people)
- Perceived that bank is a place which is dealing with only big amount of money. Even though small amount of money they want to save in there but they feel shy to visit (for rural and lower SEC – hand to mouth workers)
- Do not situated nearby – the banks are situated in towns
- Waiting time is too long (Government Vs Private) – perceived that many customers drive to wait so long
- Can not withdraw at any time
- Do not know about the procedure how to borrow money (however they knew the interest rate is lower than other sources-pawn shops, neighbor lenders, etc.)
- Interest rate could not appeal to the savers
- Private banks – services are better than Governments'. Only few branches of government banks are available.
- Different counters can complicate for the rural people (one counter prepare for filling the form and another counter is needed to withdraw or paying money) (CB Vs KBZ Vs AYA)





*"I made the saving account at CB Bank. intended to save money like 10,000 MMK per day for my children's future. But I could not go day by day to Ba-an town. Therefore, I will save 300,000 MMK per month."*
**Formal Enterprise, Village in Ba-an, Kayin State**

*"We save some money in the house. Then we can spend when we want to buy something. Why we do not deal with the banks because we do not have lots of thousand of money."*
**Informally employed, Village, Mandalay Region**

## Growth

**Key Findings**

- **Banks** - they are positively perceived but many still lower usage. Barriers should be needed to reduce and have more branches in the rural villages.
- Customers do not want to wait so long in the bank. And the different counters can be complicated for them doing money in and out
- Bank's many services including ATM usage are still low
- Preferred the door to door system for doing remittance.
- **Mobile money** - especially Wave Money is better availability but usage is very rare and have lesser knowledge. The service charges are higher for the users.
- **Income and expenditure** – enterprise owners' money did not go to the banks.
- **Saving** – *Su Mae* is the most popular among the housewife and few businesswomen. Saving in banks are very rare practice. Gold saving is widely available among the housewives to use when they have more money and when they needed.
- **Loan** – low awareness on procedures and many did not borrow from banks. Other sources like pawn shops, gold shops,
- **Insurance** – only knowing life and fire. Wanted to know the benefits of it

**Recommendations**

- **Banks** - overall bank services should be flexible and update with current situation-what the customers need.
- Banks should be better services and more branches are needed to available in the rural area
- Door to door services are needed to create (especially in rural)
- Should reduce the waiting time and to establish the customers friendly – release counters complication
- To reduce the customers' misperception to save money that the banks are handling only the big amount of money
- **Mobile Money** – to be reasonable price for the customers and explain about the benefits. Should be secure for the customers money.
- **Saving** – to create the appealing activities for mess people saving.
- **Loan** – banks' loan procedures should be friendly and easy to get with not only non-movable owns.
- **Insurance** – awareness raising campaigns including the benefits of it.
- **Awareness raising** - should have the campaign about the awareness for benefits of banks usage, insurance, mobile money etc.

## ဥပမာ (၃)

ဆေးထိုးပြွန်များကဲ့သို့ဆေးခန်းစွန့်ပစ်ပစ္စည်းမှ အစားအသောက်များထည့်သည့်ကုန်ချောများတွင် အသုံးမပြုကြပါဟု အလုပ်ရုံအချို့မှ ပြောကြားသော်လည်း ပလပ်စတစ်ကုန်ချောထုတ်စက်ရုံနှင့် အခြားအလုပ်ရုံမှ ဖြေဆိုသူများမှ အဆိုပါပလပ်စတစ်များနှင့် နိုင်ငံခြားကော်စေ့များရောနှောကာ စားသောက်ကုန်အပါအဝင် ပစ္စည်းမျိုးစုံကို ထုတ်လုပ်နေကြောင်း ပွင့်လင်းစွာ ဖော်ပြခဲ့ကြပါသည်။

**ဆေးခန်းစွန့်ပစ် ပစ္စည်းများဖြင့် ကုန်ချောအဖြစ်ထုတ်လုပ်သည့် ပစ္စည်းများ (End Products)**

**ထုတ်လုပ်သည့်ပစ္စည်းများ၊**

(၁) ထိုင်ခုံ
(၂) အဝတ်ထည့်ပုံး
(၃) ကြိုး (မျိုးစုံ)
(၄) ယက်တောင်
(၅) အရုပ်များ
(၆) ဆေးဗူးခွံ (ဆရာခို)
(၇) ဗူးခွံ အဖုံးများ၊
(၈) ပန်းကန်ပြား၊
(၉) အခြား လူသုံးကုန်ပစ္စည်းများ

**ဆေးခန်းသုံးစွန့်ပစ်ပစ္စည်းများဖြင့် ထုတ်လုပ်သည့်ပစ္စည်းများအပေါ် မတူညီသည့် အမြင်များ။**

(၁) **(စက်ရုံ-A)** အနံ့ရှိလို့ စားသောက်ကုန်၊ အလှကုန်များတွင် မသုံးပါ
(၂) **(အလုပ်ရုံ)** ပိုးတွေ၊ ဓါတုဗေဒပစ္စည်းများ ပါနိုင်တာကြောင့် အစားအသောက်မသုံးသင့်ပါ။
(၃) **(စက်ရုံ-B)** အနံ့ရှိလည်း မသိသာစေဘူး၊ လက်ရှိ VeVe ဗူးဖြတ်စ တွေလည်း မန်ကျည်းနဲ့ ရနေပေမယ့် ဗူးတွေမှာ သုံးနေတယ်။ အပူနဲ့ကြိုထားလို့ ပိုးတွေကလည်း သေပြီးသား ဖြစ်နေမယ်လို့ ထင်တယ်။
(၄) **(စက်ရုံ-B)** Quality ကကောင်းတယ်၊ ဒါပေမယ့် အရောင်တွေထည့်ပြီးရင်တော့ ထပ်သုံးမရ၊ သူ့အရောင်အတိုင်းပဲ သုံးရတော့မယ်။

**မထုတ်လုပ်သော ပစ္စည်းများ၊**

**(အလုပ်ရုံ-A)** အစား၊ အသောက် ပစ္စည်းများ (ဥပမာ) (၁) ရေသန့်ဗူး၊ (၂)အစားအသောက် ထည့်သည့်ဗူးများ၊ (၃) ဇွန်း

**(စက်ရုံ-B)** လေဖွဗူး/ ပုံးများ (ဥပမာ-ဆီပုံး၊ အင်ဂျင်ဝိုင်ပုံးများ ကဲ့သို့ လုပ်မရ။ တခါသုံး (ထမင်းဗူးလို) အပါးဗူးတွေ ထုတ်မရ။ (အကြောဆေးဗူး) လေပွဗူး ထုတ်လို့ရ။
*** လူသုံးကုန်ပစ္စည်းအကုန်ထုတ်၊ (ထမင်းဗူး) အမာတွေဆို အကုန်လုပ်တယ်။

*"ဆလင်း (syringe) တွေကရတာနဲ့ အသစ်စေ့ (နိုင်ငံခြားအော်ရီဂျင်နယ်ကော်စေ့) တွေ ဆတူရောပြီး၊ ထုတ်တာပဲ။ အစ်ကိုကိုတော့ တော်ရုံဘယ်ပြောကြမလဲ။ စားစရာထည့်တဲ့ကော်ဗူး၊ ပလပ်စတစ်အိတ်၊ ဆေးဗူးအဖုံး အကုန်ထုတ်တယ်။ သူ့ကိုရောထည့်လိုက်တော့စက်ရုံကသက်သာတယ်လေ။ဘယ်သူက ကိုယ့်လုပ်ငန်းချပြမှာလဲ၊ အော်ရီဂျင်နယ်သုံးတယ်ပဲ ပြောမှာပဲ။"* - **အလုပ်ရုံနှင့် စက်ရုံ ပိုင်ရှင်၊ ......**

*"ဆေးထိုးပြွန်တွေကနေ ကလေးကစားစရာ အရုပ်တွေ၊ ထိုင်ခုံတွေ လုပ်တယ်။"* - **အလုပ်ရုံ ပိုင်ရှင်၊ ......**

## ဥပမာ (၄)

## ပြန်လည် သန့်စင်ပြီး ရောင်းချသော ကုန်ကြမ်းပစ္စည်းများ၊ (Raw Products)

ဆေးခန်းစွန့်ပစ်ပစ္စည်းများ (ပြွန်၊ ဗူးများ) မှ ပလပ်စတစ်ဖြတ်စများအဖြစ် ခုတ်ဖြတ်ပြီး၊ ကုန်ပစ္စည်းများထုတ်လုပ်သည်အထိ လုပ်ကိုင်နေကြပါသည်။

**ဆေးခန်းနှင့် ဆိုင်များမှ အရောင်းအဝယ်လုပ်သည့် ပစ္စည်းများ၊**

(၁) ဆေးထိုးပြွန်များ
(၂) ဆေးထိုးအပ် အဖုံး
(၃) ရာဘာ (ဆေးထိုးပြွန်ထဲမှ)
(၄) အကြောဆေးဗူး (ပလပ်စတစ်)
(၅) အကြောဆေးဗူးခွံမှ သတ္တု (ဒန်)
(၆) တခါသုံး ပုံးခွံများ (ပလပ်စတစ်)
(၇) ဆေးဗူးခွံ၊ ပုံးခွံ (စက္ကူ) များ

**အလုပ်ရုံမှ ပြန်လည် သန့်စင်ပြီး ရောင်းချသော ကုန်ကြမ်းပစ္စည်းများ၊ (Raw Products)**

❖ ခုတ်ဖြတ်၊ သန့်စင်ပြီး ပလပ်စတစ် အပိုင်းအစများ
❖ သတ္တု အပိုင်းအစများ (အကြောဆေးဗူးမှ)








**ရာဘာ (ဆေးထိုးပြွန်ထဲမှ) ရောင်းချမှု**

(၁) အမှန် (အရောင်က ပြောင်တယ်၊ ရေပေါ် ပေါ်တယ်) - ရောင်းချနိုင်သည်
(၂) အမှား (အရောင်မှိန်တယ်၊ အထစ်လေးတွေဖြစ်၊ ရေမြုပ်သွားတယ်။ - လွှင့်ပစ်/ အပူပေး၊ ဖိစက်နဲ့ဖိ ပြန်လုပ်တယ်။

**ရာဘာ ဖြင့် ပြုလုပ်သည့်ပစ္စည်းများ။**

(၁) စက်ဘီးထိုင်ခုံအစွပ်
(၂) စားပွဲအောက်ခံ
(၃) ပိုက်ပျော့ အခွေ (ရေပိုက်)
(၄) ဝါရှာ (အဖုံးတွင်းထည့်/ သွပ်သံ) / Seal ကွင်း - (PVC)
(၅) တောဘွတ် (ဖိနပ်လည်ရှည်)

**(အလုပ်ရုံ)** အကြောဆေးပိုက်များကို ယခင်က အရောင်းအဝယ် ပြုလုပ်ခဲ့သော်လည်း ယခုအခါမဝယ်ကြတော့ပါ။ (စက်ချုပ်စက်တွင် အသုံးပြုသည်)
**(စက်ရုံ+အလုပ်ရုံ)** ဆေးထိုးပြွန်၊ အကြောဆေးဗူး၊ ပိုက် အားလုံး ရောင်းလို့ရတယ်။ အပ်လည်း သံရည်ကြိုတဲ့ထဲ ထည့်တယ်။